# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၈)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လပ် ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

## မိမိနိုင်ငံကောင်းစားရေး ကြိုးပမ်းနေသူများဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသူများအဖြစ်ခံယူ

## နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပြည်သူများ စားရေးပူလုံမှုကို ဦးစားပေးဆောင်ရွက်နေ

## မိမိတို့အစိုးရသည် တိုင်းပြည်အကျိုးစီးပွားအတွက် လုပ်ကိုင်နေခြင်းဖြစ်ရာ ပူးပေါင်းဆောင်ရွက်ကြရန်ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက(၅၀၀)စိုက်ခင်းရှိ အစည်းအဝေးခန်းမ၌ ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့မှ ပါတီဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်မှုလယ်ယာစနစ် တောင်သူပညာပေး ဧက(၅၀၀)စိုက်ခင်းရှိ အစည်းအဝေးခန်းမ၌ ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့မှ ပါတီဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အစည်းအဝေးခန်းမသို့ရောက်ရှိပြီး တက်ရောက်လာကြသူများအား ရင်းနှီးခင်မင်စွာ လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တက်ရောက်လာကြသူများက နိုင်ငံတော်သမ္မတအား တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် "ယနေ့ တွေ့ဆုံဆွေးနွေးရာ၌ မိမိတို့၏ မူဝါဒသဘောထားနှင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် ယနေ့ လုပ်ကိုင်နေသည့် အခြေခံလုပ်ငန်းများကို ရှင်းလင်းပြောကြားလိုပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် (၁)နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Karel Schwarzenberg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ချက်သမ္မတနိုင်ငံ စာမျက်နှာ ၃ ကော်လံ ၅ ◆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Karel Schwarzenberg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၉ ရက်)

# အာဇာနည်တို့၏စိတ်ဓာတ်

ဗုဒ္ဓဘုရားရှင်သည် ဘုရားမဖြစ်မီ နစဉ်အခါက ကျင်လည်ရာဘဝအဆက်ဆက်တို့တွင် သတ္တဝါဝေနေယျအပေါင်းတို့အတွက် စွန့်လွှတ်အနစ်နာခံသော အာဇာနည်စိတ်ဓာတ်ဖြင့် ပါရမီတော်များဖြည့်ဆည်းခဲ့လေသည်။ ဘုရားအလောင်းမျောက်မင်း၊ ဘုရားအလောင်းသမင်မင်း၊ ဘုရားအလောင်း ငုံးမင်း အစရှိသည့် ဘဝအဆက်ဆက်တို့တွင် ကိုယ်ကျိုးစွန့် အနစ်နာခံသောအာဇာနည်စိတ်ဓာတ်ကို ပြသနိုင်ခဲ့ပေသည်။ အာဇာနည်တို့၏စိတ်ဓာတ်သည် ချီးကျူးစရာ၊ ဂုဏ်ယူစရာဖြစ်သကဲ့သို့ လူတိုင်းလူတိုင်းသည်လည်း ထိုစိတ်ဓာတ်မျိုး မွေးမြူထားရှိအပ်ပေသည်။

မြန်မာတို့၏ အနီးစပ်ဆုံးသော အာဇာနည်ပုဂ္ဂိုလ်များကို ညွှန်းဆိုပြပါဆိုလျှင် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ကိုပင်ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်လွှတ်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်များကို ဆိုချင်ပါသည်။ မှန်ပေသည်။ ဗိုလ်တေဇ၊ ဗိုလ်အောင်ဆန်း၊ သခင်အောင်ဆန်း၊ ဦးအောင်ဆန်း၊ ကိုအောင်ဆန်း စသော နာမည်နာမများနှင့် ထင်ပေါ်ကျော်ကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် လွတ်လပ်ရေးမရမချင်း ခါးတောင်းကျိုက်မဖြုတ်စတမ်းဟု သွေးသောက်သစ္စာဆို၍ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ ရုန်းထွက်နိုင်ရန် မြန်မာ့လွတ်လပ်ရေးကို အရယူကြိုးစားပေးခဲ့ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦးတို့သည် မသမာသူတို့၏လက်ချက်ဖြင့် သွေးမြေကျခဲ့ရသည်မှာ ယနေ့ဆိုလျှင် (၆၅)နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ''မျက်ရည်သွန်လို့ ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး''ဟူသော စာသားအတိုင်း နှစ်စဉ်နှစ်တိုင်း ဇူလိုင် (၁၉) ရက်နေ့သို့ရောက်လေတိုင်း မြန်မာတစ်မျိုးသားလုံး၏ စိတ်နှလုံးတွင် ဝမ်းနည်းပူဆွေးခြင်း၊ အာဇာနည်ပုဂ္ဂိုလ်ကြီးများအား အမှတ်ရလွမ်းတမိခြင်း၊ အများအတွက် စွန့်လွှတ်အနစ်နာခံတတ်သော အာဇာနည်စိတ်ဓာတ်ကို ချီးကျူးမိခြင်း၊ အားကျမိခြင်းတို့ ဖြစ်ပေါ်လာကြရပေသည်။ လေးစားဂုဏ်ပြု အလေးပြုကြရပေသည်။ တကယ့်သူရဲကောင်း အာဇာနည်များပင်ဖြစ်ပေသတည်း။

အာဇာနည်ပုဂ္ဂိုလ်များအား လေးစားဂုဏ်ပြုကြလျှင်ဖြင့် ဤသို့ လွမ်းဆွေးတမ်းတနေရုံနှင့် မပြီးပါ။ ကျွန်ုပ်တို့အားလုံးက သူတို့ အသက်သွေးချွေးနှင့် လဲလှယ်ရယူခဲ့ရသည့် လွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးစေရန် ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ သူတို့ချမှတ်ခဲ့သော လမ်းစဉ်များ၊ မိန့်မှာချက်များ ရင်ထဲအသည်းထဲတွင် စွဲမှတ်လျက် ဆက်လက်ကြိုးစား အားထုတ်ကြရပေမည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များသည် လွန်စွာမှ မှတ်သားလိုက်နာဖွယ်ကောင်း၏။ စည်းကမ်းရှိရမည်။ ကြိုးစားအလုပ်လုပ်ပြီး ခြိုးခြံချွေတာရမည်။ အချင်းချင်း စည်းလုံးညီညွတ်ရမည်ဟူသော မိန့်မှာချက်များသည် လွန်စွာမှ တန်ဖိုးရှိလှသည့် စကားများဖြစ်သည်။ ထိုစကားများသည် လူတိုင်းပင် ကျင့်ကြံလိုက်နာ ဆောင်ရွက်သင့်ပေသည်။

ယနေ့ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်မျှော်မှန်း ချီတက်နေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ ဒီမိုကရေစီပန်းတိုင်ဆီသို့ချီတက်လျက်ရှိပေ၏။ လူတိုင်းလူတိုင်းသည် စည်းကမ်းရှိရမည်။ ခြိုးခြံချွေတာရမည်၊ အလုပ်ကို ကြိုးစားလုပ်ရမည်၊ အချင်းချင်း စည်းလုံးညီညွတ်ကြရမည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ မှာကြားချက်များကို မမိတ်မသုန် လေးစားလိုက်နာကြရမည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် ဤ(၆၅)နှစ်မြောက် အာဇာနည်နေ့မှသည် ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သော အာဇာနည်တို့၏ စိတ်ဓာတ်ကို နှလုံးသွင်းကြလျက် စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်သော၊ အလုပ်ကြိုးစားသောစွမ်းဆောင်ချက်များနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်လာရေးအတွက် ခါးတောင်းကျိုက်မဖြုတ်စတမ်း ဝိုင်းဝန်းကြိုးစား အားထုတ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



## ပညာသင်ထောက်ပံ့ငွေ ပေးအပ်

**ကျုံပျော် ဇူလိုင် ၁၈**

ကျုံပျော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏သားသမီးများအား၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးခင်မြင့် (ငြိမ်း)တို့က အမှာစကားပြောကြားပြီး အထက်တန်းကျောင်းသား ကျောင်းသူ ၂၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၂၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ **(အပေါ်ပုံ)**နှင့် မူလတန်းကျောင်းသား ကျောင်းသူ ၂၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၁၀၉၅၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ရွှေကျင်မြို့၌ အခွန်ဆိုင်ရာ ဟောပြော

**ရွှေကျင် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ အခွန်ဆိုင်ရာပညာပေး ဟောပြောပွဲကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးမှူးဦးခင်မောင်ဆွေက ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြနှင့် ဌာနဆိုင်ရာများ၊ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာများကို ပညာပေးဟောပြောပြီးနောက်ကျောင်းသား ကျောင်းသူများအတွက်စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**



## ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ပင်တဲကျေးရွာ၌ တောင်သူများနှင့် တွေ့ဆုံပြီး ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကျွန်းလှမြို့ ပြည်သူ့ဆေးရုံ၌ သားဖွားဆောင် အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသောလူနာများအား ကြည့်ရှုအားပေးကာ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့နယ် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းဆောက်လုပ်ပြီးစီးမှု၊ နတ်ပေး-ထန်းကုန်းမြေသားလမ်းဖောက်လုပ်ထားရှိမှု၊ လင်ပန်းချောင်းတံတား ဆောက်လုပ်မှု၊ မုံရွာ-အရာတော်-ရွာသာကြီးလမ်း ပြုပြင်နေမှုနှင့် မိုင်တိုင်အမှတ် (၃၈/၀)နှင့်(၃၈/၁)အကြားရှိ ရေကျော်တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ကြို့ပင်ကောက် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်း၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင်ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၈၃ ဦးနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသောဆရာ ဆရာမ ၂၇ ဦးတို့အား စုစုပေါင်း ဂုဏ်ပြုငွေကျပ် ၁၅၉၆၀၀၀ ကို ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အောင်ချက်အကောင်းဆုံးရရှိသောကျောင်းနှင့်ဂုဏ်ထူးရ ကျောင်းသား ၈၃ ဦးအနက် လေးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ တာဝန်ရှိသူများက ကျန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် ပညာသင်ကြားပေးသော ဆရာ ဆရာမများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၁၁)**

## ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော

**မြောင်းမြ ဇူလိုင် ၁၈**

မြောင်းမြမြို့နယ် ကြက်ခြေနီအသင်း မြို့နယ်လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ငါးရာဘိုကျေးရွာအုပ်စု ငါးရာဘိုကျေးရွာ၌ ဇူလိုင် ၇ ရက်က ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး မြို့နယ်လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပညာပေးဟောပြောသည်။

ထို့နောက် ကျေးရွာပြည်သူများအား ပိုးလောက်လမ်း နှိမ်နင်းရေး လုပ်ငန်းများ လက်တွေ့ပညာပေးဆောင်ရွက်ခဲ့ကြသည်။

အလားတူသွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို မြောင်းမြမြို့နယ် လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံချက်ဝင်ကျေးရွာအုပ်စု လေးအုပ်စုတွင်လည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြကြောင်းသိရှိရသည်။ **(ခရိုင်ကျန်းမာရေး)**

## လပွတ္တာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**လပွတ္တာ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့က ကြီးမှူးကျင်းပသော မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက် နံနက် ၇ နာရီက လပွတ္တာမြို့အမှတ်(၇)ရပ်ကွက် သောက်ရေကန်ဘေး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိဦးလှမြင့်၊ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံပြည်သူများက စိန်ပန်း၊ ယူကလစ်၊ အော်ရီးရှား၊ ဆီသပြေ၊ မဟော်ဂနီ၊ ခရေ စသည့် ပျိုးပင်ပေါင်း ၈၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ) **(ခရိုင်သစ်တော)**

## မြန်မာ့အလင်း ဓာတ်ပုံ သတင်းမြင်ကွင်း



## သက်တမ်းရင့် သစ်ပင်အို ပြိုတော့မလို ဟန်ရေးပြင်

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက်ရှိ ရန်ကုန်-မန္တလေးကားလမ်းဟောင်း လမ်းမကြီးနှင့် မေတ္တာလမ်းထောင့်ရှိ သက်တမ်းရင့် ကုက္ကိုပင်ခြောက်ကြီးသည် ယခုအခါ အပင်သက်တမ်းကြာမြင့်ပြီဖြစ်သောကြောင့် အပင်ခြောက်ကြီးမှ ဖြာထွက်နေသည့် ကိုင်းခြောက်အဆွေးလက်တက်များနှင့် အတက်အခြောက်များသည် ကျိုးကျလျက်ရှိသည်ကို တွေ့မြင်နေရသည်။

အဆိုပါသစ်ပင်အိုကြီးသည် **(အပေါ်ပုံ)**မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လူသွား၊ လူလာစည်ကားသောနေရာတွင်ရှိပြီး အပင်အိုကြီး၏ မြောက်ဘက်ဘေးတွင် အထက(၃) ပျဉ်းမနား၊ အရှေ့ဘက်တွင် မေတ္တာလမ်းနှင့် တစ်ဆက်တည်းသွားလျှင် ယုဇနဈေးနှင့်ယုဇနလမ်းဒေသအခေါ် ပေ ၈၀ လမ်းမကြီးနှင့် လူနေရပ်ကွက်များရှိသည်။တစ်ဖန် တောင်ဘက်မနီးမဝေးတွင် Nay Pyi Taw FC ဘောလုံးကွင်းရှိသည့်အပြင် အရှေ့မှအနောက်၊ မြောက်မှတောင်သို့မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ သွားလာနေကြသော လမ်းလည်းဖြစ်သည်။

အဆိုပါ သက်တမ်းရင့် ကုက္ကိုပင်ခြောက်ကြီးသည် ပင်စည်လုံးပတ် ၁၀ ပေခန့်ရှိ၍ အမြင့်မှာ ၈၅ ပေခန့်မြင့်ပြီး အပင်သက်တမ်းမှာ နှစ် ၁၀၀ ကျော်ရှိသော သက်တမ်းရင့် အပင်ခြောက်ကြီးဖြစ်သည်။ ပြိုမလိုဟန်ပြင်နေသော အဆိုပါ သက်တမ်းရင့်သစ်ပင်အိုကြီးကို ခုတ်လှဲရှင်းလင်းလိုက်မည်ဆိုပါက အများ၏အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်မရှိတော့ဟု ယူဆပါကြောင်း။

## တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ဖက်ရှင်အလှမယ်ပြိုင်ပွဲ မူဆယ်၌ကျင်းပ

**မူဆယ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု ဖက်ရှင်အလှပြိုင်ပွဲနှင့် ကိုယ်ကာယအလှမယ်ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် ည ၇ နာရီခွဲက ကျင်းပရာ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု ဖက်ရှင်ပြိုင်ပွဲတွင် အလှမယ် ၃၃ ဦးနှင့် ကိုယ်ကာယအလှမယ်ပြိုင်ပွဲတွင် အလှမယ် ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု ဖက်ရှင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူ သုံးဦးတို့အား မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်က လည်းကောင်း၊ ကိုယ်ကာယအလှမယ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူသုံးဦးတို့အား မူဆယ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

❖ ရှေ့ဖုံးမှ

ယခုတွေ့ဆုံမှုမှာ ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး နောင်အခြေအနေပေးပါက မကြာခဏတွေ့ဆုံကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ မိမိတို့သည် တစ်နိုင်ငံတည်းတွင် အတူနေထိုင်ကြသည့် တစ်လှေတည်းစီး တစ်ခရီးတည်း အတူသွားနေကြသူများဖြစ်ကြောင်း၊ မိမိတို့တွင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်သစ်တစ်ရပ် ထူထောင်ရန်ဟူသည့် တူညီသည့် ရည်မှန်းချက်ရှိကြပါကြောင်း၊ နိုင်ငံရေးတွင် မတူညီသည့် ကွဲပြားခြားနားမှုများ၊ မတူညီသည့် အတွေးအခေါ် အယူအဆများ ရှိကြမည်ဖြစ်သော်လည်း တိုင်းပြည်အတွက်အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီအတွေ့အကြုံနည်းသေးသည့် နိုင်ငံဖြစ်သဖြင့် ခြေလှမ်းတိုင်းကို သတိထားလျှောက်လှမ်းနေရပါကြောင်း၊ မိမိတို့အစိုးရသည် တိုင်းပြည်အကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ရာ ထိုသို့ဆောင်ရွက်မှုများကို ရဲရဲတင်းတင်းဝေဖန်၍ အကြံဉာဏ်များပေးကြပါရန်နှင့် အချို့ကိစ္စများတွင် ထိတွေ့ဆက်ဆံ ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်း။

မိမိတို့သည် အမိုးတစ်ခုတည်းအောက်မှာ အတူနေထိုင်ကြသူများဖြစ်ပြီး မိမိတို့နိုင်ငံကို နိုင်ငံသားအားလုံးက ပိုင်ဆိုင်ကြပါကြောင်း၊ အားလုံးသည် မိမိနိုင်ငံကောင်းစားရေးအတွက် မိမိတတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသူများအဖြစ် ခံယူကြစေလိုပါကြောင်း။

မိမိတို့ ယနေ့ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကို ပြောကြားရလျှင် မိမိတို့သည် ပြည်သူကရွေးချယ်ထားသည့်အစိုးရဖြစ်၍ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်နေပါကြောင်း၊ ပြည်သူအားလုံး၏ တူညီသည့်ဆန္ဒ၊ တူညီသည့်ရည်မှန်းချက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေးတည်ငြိမ်အေးချမ်းရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ငြိမ်းချမ်းရေးရရှိရန်ဟူသည့် အပိုင်းနှစ်ပိုင်းရှိပြီး ယင်းကဏ္ဍနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်ပတ်သက်နေပါကြောင်း။

နိုင်ငံရေးတည်ငြိမ်အေးချမ်းရန်အတွက် NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ထိတွေ့ဆက်ဆံ၍ နိုင်ငံရေးတည်ငြိမ်မှုကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အပိုင်း သုံးပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ရာတွင် ပထမအဆင့်အနေဖြင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကိုဆောင်ရွက်ပြီး ဒုတိယအဆင့်အနေဖြင့် ထိတွေ့ဆက်ဆံဆွေးနွေး၍ ယုံကြည်မှု တည်ဆောက်ခဲ့ပါကြောင်း၊ ဤသို့ဆွေးနွေးရာတွင် အခြေခံမူ(၈)ချက်ချမှတ်၍ ဆွေးနွေးညှိနှိုင်းခဲ့ရာ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နှင့် အထိုက်အလျောက် သဘောတူညီချက်များရရှိနေပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် ကေအိုင်အေအဖွဲ့နှင့်လည်း ထိတွေ့ဆက်ဆံမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေ၍ ကချင်ပြည်နယ်သည် နိုင်ငံအတွင်း ထိခိုက်နစ်နာဆုံးရှုံးမှုအများဆုံး ပြည်နယ်ဖြစ်နေရကြောင်း၊ ဒေသခံတိုင်းရင်းသားများမှာ မိမိတို့အိုးအိမ်နှင့် အလုပ်အကိုင်တို့ကို စွန့်ခွာ၍ ဘေးကင်းရာတွင် ခိုလှုံနေကြရသဖြင့် လုပ်အားများဆုံးရှုံးရသကဲ့သို့ ၎င်းတို့၏ သားသမီးများမှာလည်း ပညာသင်ကြားခွင့်မရ ဖြစ်နေရကြောင်း၊ ကချင်ပြည်နယ်၏ ဆုံးရှုံးမှုများသည် မိမိတို့နိုင်ငံ၏ ဆုံးရှုံးမှုများပင်ဖြစ်ကြောင်း၊ နှစ်ဖက်တွေ့ဆုံဆွေးနွေးခြင်းဖြင့် မကြာမီတွင် ကေအိုင်အေအဖွဲ့နှင့် ငြိမ်းချမ်းမှု တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ပြည်သူတို့လိုလားချက် ဆန္ဒတစ်ခုဖြစ်သည့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပြည်သူများ စားရေးဖူလုံမှုကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတွက် လက်ရှိလူဦးရေသန်း ၆၀ အတွက် စားနပ်ရိက္ခာဖူလုံသော်လည်း နောင်နှစ်ပေါင်း (၃၀/၄၀)တွင် တိုးတက်လာနိုင်သည့် လူဦးရေသန်း ၁၀၀ အတွက် စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကို ထည့်သွင်းစဉ်းစားဆောင်ရွက်နေပါကြောင်း၊ တောင်သူလယ်သမားများ ဘဝတိုးတက်မြင့်မားရေးအတွက် လယ်ယာလုပ်ငန်းခွင် ပြုပြင်ပြောင်းလဲရေးနည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံကြီးပွားချမ်းသာရေးအတွက် စိုက်ပျိုးရေးနိုင်ငံအဆင့်မှ စက်မှုနိုင်ငံဖြစ်အောင် ပြောင်းလဲကြရမည်ဖြစ်ကြောင်း၊ စက်မှုနိုင်ငံအဖြစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံ၌ သယံဇာတများပိုင်ဆိုင်ပြီး ဖြစ်သော်လည်း အရင်းအနှီးနှင့် နည်းပညာများ လိုအပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ယနေ့ဖိတ်ခေါ်လျက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ပါက မိမိတို့တိုင်းရင်းသားများ၏ အကျိုးစီးပွား၊ မိမိတိုင်းပြည်ဂုဏ်သိက္ခာနှင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတို့ကို မထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင်မပျက်ယွင်းစေရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံရာတွင်လည်း လုပ်ငန်းလေးမျိုးခွဲခြားထားပြီး ပထမဦးစားပေးအနေဖြင့် မိမိတို့နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးအတွက် နည်းပညာနည်းပါးပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာပေးနိုင်သည့် စက်မှုလုပ်ငန်းများ၊ ဒုတိယအနေဖြင့် ရော်ဘာ၊ သစ် စသည့် သဘာဝထွက်ကုန်များကို Value Added တန်ဖိုးမြင့် ကုန်ချောများထုတ်လုပ်သည့်လုပ်ငန်းများ၊ တတိယမှာ အဖိုးတန်သတ္တုများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စတုတ္ထအဆင့်အနေဖြင့် IT နှင့် Telecommunication လုပ်ငန်းများ ထူထောင်ရန်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ ၂၆ ရာခိုင်နှုန်းရှိနေပြီး ၂၀၁၅ ခုနှစ်၌ ၁၆ ရာခိုင်နှုန်းထိ လျော့ကျစေရန် ရည်မှန်းချက်ချမှတ်ဆောင်ရွက်နေကြောင်း၊ အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြသည့် မိမိတို့နိုင်ငံသားများ မိမိနိုင်ငံသို့ ပြန်လည်၍ အလုပ်လုပ်ကိုင်နိုင်ရေးအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ဆက်စပ်နေပါကြောင်း၊ ယင်းအချက်(၂)ချက် ယှဉ်တွဲတည်ရှိနေပါမှလည်း ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းအချက်များမှာ မိမိတို့အစိုးရကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည့်လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့မှ ပါတီဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ပါတီခေါင်းဆောင် ဒေါက်တာသန်းငြိမ်း၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေ၊ အထွေထွေအတွင်းရေးမှူး ဒေါ်သန်းသန်းနု၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ (DPP) ဥက္ကဋ္ဌ ဦးအောင်သန်း၊ အထွေထွေအတွင်းရေးမှူး ဦးမျိုးညွန့်၊ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ (PUP) အထွေထွေအတွင်းရေးမှူး ဦးထွန်းရွှေ၊ ပြည်ထောင်စုဒီမိုကရေစီပါတီ (UDP) ဥက္ကဋ္ဌ ဦးသောင်းဝင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) အထွေထွေအတွင်းရေးမှူးဦးဦးလှစော၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMRDP) ဒုတိယဥက္ကဋ္ဌ ဦးနိုင်လှအောင်၊ ချင်းအမျိုးသားပါတီ (CNP) ဥက္ကဋ္ဌ ဦးဇန်ကျင်ဖုံ(ခ) ဇိုဇမ်နှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP) ဥက္ကဋ္ဌ ဦးစောသိန်းအောင်တို့က နိုင်ငံရေး၊ စီးပွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က ပြန်လည်ဆွေးနွေးကြပြီး နိုင်ငံတော်သမ္မတက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တက်ရောက်ဆွေးနွေးကြသူများအား ကျေးဇူးတင်စကားပြောကြားပြီး ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**



ဇူလိုင် ၁၇ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုရန် ပခုက္ကူမြို့ အထက(၁) ပညာရတနာခန်းမ၌ အလှူရှင် မန္တလေးမြို့နေ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ သား ဦးအောင်နိုင်ဦး (မြို့နယ်အုပ်ချုပ်ရေးမှူး-ပခုက္ကူ)၊ သမီး ဒေါ်ဇင်မာဝင်း(မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ)တို့က ငွေကျပ် ၁၁ သိန်းပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့် လက်ခံယူစဉ်။ (၁၀၂)

## မိုးရာသီ သီးနှံများစိုက်ပျိုးရာတွင် မိုးရွာသွန်းမှုပုံမှန်အောက် လျော့နည်းမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ မထိခိုက်စေရေးအတွက် တောင်သူလယ်သမားများသို့နှိုးဆော်

၁။ ယခုအချိန်တွင် အချို့သောဒေသများ၌ မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းမှုအောက် လျော့နည်းလျက်ရှိပါသည်။

၂။ မိုးရွာသွန်းမှုနောက်ကျခြင်းနှင့် မိုးရေလက်မနည်းခြင်းကြောင့် စပါးသီးနှံအတွက် စိုက်ပျိုးရေလုံလောက်စွာမရရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ဝင်ငွေဈေးကွက်တွက်ခြေကိုက်သည့် သီးနှံပုံစံများကို မြေကိုအကျိုးရှိစွာအသုံးချ၊ အချိန်မီပြောင်းလဲစိုက်ပျိုးသွားကြရန် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိုးလေဝသအခြေအနေပေါ်မူတည်၍ တောင်သူလယ်သမားများအား ဝင်ငွေရသီးနှံများ အစားထိုးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တိုက်တွန်းဆောင်ရွက်ပေးသွားကြပါရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဇူလိုင် ၁၈**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## မချမ်းဘောဝန်ထမ်းပေါင်းစုံ သ/မစည်းဝေး

**မချမ်းဘော ဇူလိုင် ၁၈**

ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီက မြို့နယ်သမဝါယမဦးစီးရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးမင်ဇိန်ခင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ကေမာထားက အသင်းဝင်များ စုဆောင်းငွေ ပိုမိုထည့်ဝင်ရန်၊ အသင်းသားများ တိုးပွားရေး၊ သမဝါယမအသင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကျေးလက်နေပြည်သူများအား ဆင်းရဲမှုလျော့နည်းပပျောက်စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်/သမ)

**သစ်တောသစ်ပင် ဒို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး အလှတိုး**

◆ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jiri Sitler လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## အခွန်ဆိုင်ရာဟောပြောပွဲ ညောင်လေးပင်၌ကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကျင်းပသည့် အခွန်ပညာဆိုင်ရာပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်းကောင်း၊ ညနေ ၃ နာရီတွင် ညောင်လေးပင်အခြေခံပညာအထက်တန်းကျောင်း အထက(၂)ခန်းမ၌လည်းကောင်း၊ ဇူလိုင် ၁၃ ရက်က အခြေခံပညာအလယ်တန်းကျောင်း(ခန်းမ)၌လည်းကောင်းကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်တင်မိုးသူက အခွန်ကောက်ခံခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



ဇူလိုင် ၁၁ ရက်က ဂန့်ဂေါမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲကိုကျင်းပရာ ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်းအပြင် ပတ်ဝန်းကျင်နေရာများ၊ ကျောင်းအားကစားကွင်းပတ်ဝန်းကျင်နေရာများ၌ သစ်ပင်များစိုက်ပျိုးကြစဉ်။ (၁၀၁)

# ထိုင်းနိုင်ငံ နိုင်ငံတကာလေဆိပ်၌ ဆင်စွယ်များသိမ်းဆည်းရမိ



ဗန်ကောက် ဇူလိုင် ၁၈

ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်တွင် ကင်ညာနိုင်ငံမှတင်ပို့လိုက်သော သေတ္တာများအတွင်းမှ ဆင်စွယ်များနှင့် ဆင်စွယ်ဖြင့်ပြုလုပ်ထားသော အနုပညာလက်ရာပစ္စည်း အများအပြားကို ရှာဖွေသိမ်းဆည်းရမိကြောင်း လေဆိပ်အကောက်ခွန်အရာရှိများက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါသေတ္တာများအတွင်းမှ ဆင်စွယ်နှင့် ဆင်စွယ်ဖြင့် ပြုလုပ်ထားသော အနုပညာလက်ရာပစ္စည်းအစိတ်အပိုင်း ၁၆၀ ခန့်တွေ့ရှိရပြီး အလေးချိန် ၄၅၆ ကီလိုဂရမ်ရှိကြောင်း၊ ၄င်းပစ္စည်းများကို သစ်သားသေတ္တာခြောက်လုံးအတွင်းမှ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ကင်ညာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပျံသန်းဆိုက်ရောက်လာသော ဂျက်လေယာဉ်တစ်စင်းဖြင့် ပါလာခြင်းဖြစ်ကြောင်း လေဆိပ်အကောက်ခွန်အရာရှိများက ပြောကြားသည်။

**လိပ်စာတပ်ပေးပို့**

ယခုသိမ်းဆည်းရမိသော ဆင်စွယ်နှင့် လက်မှုအနုပညာပစ္စည်းများသည် ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၇၂၅၀၀၀ ဖိုးခန့်ရှိသည်။ မှောင်ခိုတင်ပို့လိုက်သော ၄င်းဆင်စွယ်ပစ္စည်းများ **(အပေါ်ဝဲပုံ)**ကို ထိုင်းနိုင်ငံတွင်ရှိသော ကုမ္ပဏီနာမည်အတုဖြင့် လိပ်စာတပ်ပေးပို့လိုက်ခြင်းဖြစ်သည်။ အာဖရိကမှ ဆင်စွယ်မှောင်ခိုတင်ပို့မှုများသည် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးမှတစ်ဆင့် တင်ပို့ပြီး ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်ကာ သုံးကြိမ်မြောက် သိမ်းဆည်းရမိခြင်းဖြစ်သည်။ ဆင်စွယ်မှောင်ခိုတင်ပို့မှုများသည် ထိုင်းနိုင်ငံမှတစ်ဆင့် တရုတ်၊ ဂျပန်၊ အမေရိကန်နှင့် ဥရောပနိုင်ငံများအထိ လမ်းကြောင်းသဖွယ် တင်ပို့နေခြင်းဖြစ်သည်။ **(အင်တာနက်)**



# တိုင်တန်းနစ် (၂) သင်္ဘောကြီးတည်ဆောက်မည်

ပါရီ ဇူလိုင် ၁၈

နစ်မြုပ်သွားခဲ့သော တိုင်တန်းနစ်သင်္ဘောကြီးနှင့် တစ်ပုံစံတည်းတူသော တိုင်တန်းနစ်(၂) သင်္ဘောကြီးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျ သူဌေးကြီး ကလစ်ပါးမားက ဇူလိုင် ၁၇ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါခေတ်မီတိုင်တန်းနစ်သင်္ဘောကြီးသည် မူလတိုင်တန်းနစ်သင်္ဘောကြီးတွင်ပါရှိသည့် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းကလပ်များအပြင် လုံခြုံဘေးကင်းသည့် ကုန်းပတ်အသစ်တစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း ကလစ်ပါးမားက ပြောကြားသည်။ တိုင်တန်းနစ်(၂) အတွက် ကနဦး အစီအမံများနှင့်ပုံကြမ်း **(အပေါ်ပုံ)**တို့ကို ထုတ်လုပ်ထားပြီးဖြစ်ကြောင်း၊ မူလသင်္ဘောကုန်းပတ်ကိုးခုအပြင် လုံခြုံရေးကုန်းပတ်ကိုပါ ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ထပ်မံအသစ်တိုးတည်ဆောက်မည့် လုံခြုံရေးကုန်းပတ်တွင် အသက်ကယ်လှေများနှင့် လေထီးများလည်း တပ်ဆင်ပေးထားမည်ဟုဆိုသည်။ ၄င်းသင်္ဘောကြီးကို တရုတ်နိုင်ငံ၌ တည်ဆောက်မည်ဖြစ်ပြီး ခန့်မှန်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆ ဘီလီယံ ကုန်ကျနိုင်ကြောင်း ဩစတြေးလျဘီအာရ်ဒဗလျူမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

အဆိုပါတိုင်တန်းနစ်(၂) သင်္ဘောကြီးသည် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရေချနိုင်လိမ့်မည် ဖြစ်ကြောင်း၊ ပထမဦးဆုံး ခရီးသည်များနှင့် အပျော်စီးခရီးအဖြစ် မြောက်အမေရိကတိုက်သို့ မထွက်ခွာမီ တရုတ်နိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ သွားရောက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံးသော တိုင်တန်းနစ်သင်္ဘောကြီးသည် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်က ဆောက်သမ်ပတန်မှ နယူးယောက်သို့ထွက်ခွာစဉ် ရေခဲတောင်နှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရသည်။ **(အင်တာနက်)**

# လေ့ကျင့်ခန်းမှန်မှန်မလုပ်ခြင်းကြောင့် နှစ်စဉ် လူသန်းချီသေဆုံးလျက်ရှိ

လန်ဒန် ဇူလိုင် ၁၈

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်ခြင်းကြောင့် အသေအပျောက်များနေသကဲ့သို့ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်းမရှိ၍လည်း သေဆုံးသူဦးရေ များပြားလာနေပြီဖြစ်ကြောင်း ဇူလိုင် ၁၈ ရက်က ကျန်းမာရေးဆိုင်ရာ လေ့လာမှုစစ်တမ်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

အဆိုပါ လေ့လာတွေ့ရှိချက်ကို လာမည့်အိုလံပစ်အားကစားပွဲတော်နှင့် တိုက်ဆိုင်လျက် လင်းဆက်ဂျာနယ်က ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် အရွယ်ရောက်သူ သုံးပုံတစ်ပုံခန့်သည် လုံလောက်ပြည့်ဝသော ကိုယ်ကာယပိုင်းဆိုင်ရာလှုပ်ရှားမှုများ ပြုလုပ်ခြင်း မရှိကြသဖြင့် နှစ်စဉ်လူပေါင်း ၅ ဒသမ ၃ သန်း သေဆုံးနေကြကြောင်း ရေးသားဖော်ပြထားသည်။ ယင်းပမာဏသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာတို့ကြောင့် သေဆုံးရသော လူ ၁၀ ဦးလျှင်တစ်ဦးနှုန်းနှင့် ညီမျှသည်ဟုဆိုသည်။ ယင်းပြဿနာသည် ပို၍ဆိုးရွားလာပြီဖြစ်ကြောင်း၊ အဆိုပါရောဂါသည်များကို နာတာရှည်ရောဂါသည်များအဖြစ် ကုသပေးနေရပြီဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

**ပြုလုပ်သင့်**

၄င်းပြဿနာကို ပြည်သူများအား အသိပေးရန် လိုအပ်လာပြီဖြစ်ကြောင်း၊ နည်းလမ်းသစ်ရှာကြံစဉ်းစားသင့်ပြီဖြစ်ကြောင်း သုတေသီများက ဆက်လက်ပြောကြားသည်။ အရွယ်ရောက်သူတို့သည် လမ်းလျှောက်ခြင်း၊ **(အပေါ်ပုံ)**စက်ဘီးစီးခြင်းကဲ့သို့သော လေ့ကျင့်ခန်းများကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ ခန့် ပြုလုပ်သင့်ကြောင်း ကမ္ဘာတစ်ဝန်းမှ အဖွဲ့ဝင် ၃၃ ဦးပါဝင်သော ကျန်းမာရေးဆိုင်ရာ သုတေသနအဖွဲ့က လေ့လာတင်ပြထားသည်။ **(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ (၁၈-၇-၂၀၁၂)

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

### ဖိလစ်ပိုင်တောင်ပိုင်း၌ အင်ဒိုနီးရှားငါးဖမ်းသမားပစ်သတ်ခံရ

*ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၁၇ ရက်က အမည်မသိ လက်နက်ကိုင်သမားများက အင်ဒိုနီးရှားငါးဖမ်းသမားတစ်ဦးကို ပစ်သတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ ပစ်သတ်ခံခဲ့ရသည့် အသက် ၄၆ နှစ်အရွယ် ကော်နီလီယိုဒါလီစောင်းအမည်ရှိ အဆိုပါအမျိုးသားအား ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆန်တို့စ်မြို့ရှိ လာဂါအို ကျေးရွာအတွင်း၌ မော်တော်ဆိုင်ကယ်စီးနင်းလာသည့် လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးအရာရှိ အလန်ဒီနာရို၏ပြောကြားချက်အရ သိရသည်။ အင်ဒိုနီးရှားငါးဖမ်းသမားဒါလီစောင်းမှာ သူ၏ဦးခေါင်းတွင် ထိမှန်ခဲ့သည့် ကျည်ဆန်နှစ်တောင့်၏ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၄င်းက ထပ်မံပြောကြားသည်။*

\- - - - - - - - - - - - - - - - - -

### အီဂျစ်၌ ခရီးသည်တင်ရထား လမ်းချော်၊ ၁၅ ဦးဒဏ်ရာရ

*အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ပိုင်းရှိ ဆင်ခြေဖုံးတွင် ဇူလိုင် ၁၇ ရက်က ခရီးသည်တင်ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားပြီးနောက် လူ ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းဌာနများက ပြောကြားသည်။ **(အောက်ပုံ)***

*အဆိုပါ ခရီးသည်တင်ရထားသည် အီဂျစ်နိုင်ငံတောင်ပိုင်း ဆိုဟက်မြို့မှ ကီလိုမီတာ ၅၀၀ အကွာရှိ မြို့တော်ကိုင်ရိုသို့ ဦးတည်မောင်းနှင်လာစဉ် ဂီဇာမြို့ တောင်ပိုင်းဧရိယာအတွင်း ဘက်ဒရာရှန် ဘူတာရုံအနီး၌ လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။ ယင်းသို့ ရထားလမ်းချော်မှုဖြစ်ပွားပြီးနောက် ရထားနောက်ပိုင်းရှိ ကုန်တွဲသုံးတွဲ တိမ်းမှောက်ခဲ့ကြောင်း၊ လူ ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူ မရှိခဲ့ကြောင်း အစောပိုင်းကထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရှိရသည်။ ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုခံယူရန် နီးစပ်ရာ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးထားကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း ဂီဇာရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါလမ်းချော်မှုကြောင့် ရထားလမ်းများကို ပိတ်ထားပြီး ရထားပြေးဆွဲမှုအားလုံး ရပ်တန့်ထားခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။ **(အင်တာနက်)***





# ပါကစ္စတန်၌ ခရီးသည်တင်ကား ဗုံးခွဲတိုက်ခိုက်ခံရ၊ ၁၀ ဦးသေဆုံး

အစ္စလမ္မာဘတ် ဇူလိုင် ၁၈

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အိုရာဇိုင်းလူမျိုးစုဒေသတွင် ခရီးသည်များတင်ဆောင်လာသည့် မော်တော်ကားတစ်စီး ဗုံးဖောက်ခွဲခံရပြီးနောက် အနည်းဆုံး ၁၀ ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ရုပ်မြင်သံကြားဌာနတစ်ခုက ဇူလိုင် ၁၈ ရက်တွင် ကြေညာသည်။ **(အပေါ်ပုံ)**

ခရီးသည် ၂၀ ခန့်တင်ဆောင်လာသည့် အဆိုပါမော်တော်ယာဉ်မှာ အိုရာဇိုင်းမှ ကိုဟက်သို့သွားသည့်လမ်းတွင် ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီက အဝေးထိန်းကိရိယာဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင်တည်ရှိသည့် အိုရာဇိုင်းဒေသမှာ ပါကစ္စတန်နိုင်ငံရှိ လူမျိုးစုဒေသ ခုနစ်ခုအနက် တစ်ခုဖြစ်သည်။ သေဆုံးသူအားလုံးမှာ ဆွေမျိုးနီးစပ်တော်သူများ ဖြစ်သည်ဟုဆို၏။ **(အင်တာနက်)**

# ဂျပန်အနောက်တောင်ပိုင်း၌ မုန်တိုင်းဖြစ်ပေါ် ရေလွှမ်းမှုများဖြစ်နိုင်ကြောင်း သတိပေး

ယူကီဟာ ဇူလိုင် ၁၈

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းပင်လယ်ပြင်၌ တိုင်ဖွန်းမုန်တိုင်းတစ်ခု ဖြစ်ပေါ်လျက်ရှိရာ တဖြည်းဖြည်း အင်အားကြီးမားလာပြီး ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ ဂျပန်မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း ဇူလိုင် ၁၈ ရက်က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အဆိုပါမုန်တိုင်းသည် ကျူးရှူးကျွန်းတောင်ပိုင်း၏ အနောက်ဘက်ကမ်းလွန်တွင် ဖြစ်တည်နေခြင်းဖြစ်သည်။ ၄င်းမုန်တိုင်းကို ခါနန်ဟုအမည်ပေးထားပြီး တစ်နာရီလျှင် ၇၈ မိုင်နှုန်းခန့် တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ဂျပန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

၄င်းမုန်တိုင်းသည် ဂျပန်နိုင်ငံ အိုရီတာနှင့် ကူမာမိုတိုစီရင်စုများသို့ လာမည့် ၂၄ နာရီအတွင်း ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း အဆိုပါသတိပေးချက်၌ ဖော်ပြထားသည်။ ယင်းနေရာသည် ပြီးခဲ့သည့် သီတင်းပတ်က ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ၃၂ ဦး သေဆုံးခဲ့သည့်နေရာဒေသလည်းဖြစ်သည်။ ယခုအခါ ဒေသခံများအား ရေလွှမ်းမှုနှင့် မြေပြိုမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း၊ မုန်တိုင်းကြောင့် မိုးရေချိန် မြင့်မားစွာ ရွာသွန်းနိုင်ကြောင်း၊ အထူးသဖြင့် အေဆိုတောင်အနီးတွင် ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသ သတိပေးချက်၌ ဖော်ပြထားသည်။ **(အင်တာနက်)**



# အီရတ်နိုင်ငံအကြမ်းဖက်တိုက်ခိုက်မှု လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်နှင့် အရှေ့ပိုင်း ဒီယာလာပြည်နယ်တို့တွင် ဇူလိုင် ၁၇ ရက်က သေနတ်ပစ်၊ ဗုံးခွဲမှုတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ဘဂ္ဂဒက်မြို့တော် အနောက်တောင်ပိုင်းတွင် မော်တော်ကားမောင်းလာသည့် ထောက်လှမ်းရေးအရာရှိတစ်ဦးအား သေနတ်သမားများက အသံတိတ်ကိရိယာတပ်ထားသည့် သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဘာကူဘာမြို့၌လည်း သေနတ်သမားများက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပစ်သတ်လိုက်သည်ဟုဆိုသည်။ ယင်းနေ့ကပင် ဘာကူဘာမြို့တောင်ဘက် အယ်ကာရာဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

# ပုသိမ် - သလပ်ခွာ - မော်တင်စွန်းလမ်း မိုးကာလပျက်စီးမှုများ ထိန်းသိမ်း ပွင့်လင်းရာသီတွင် ကတ္တရာအသုံးပြုနိုင်ရေးတိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇူလိုင် ၁၅ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း လမ်းအတိုင်း လမ်းတစ်လျှောက်လမ်းကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၅၄/၁)နှင့် (၅၄/၂)အကြားရှိ ငရုတ်ကောင်းတောင် စခန်း ရှင်းလင်းဆောင်၌ လမ်း/တံတား တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုးကာလပျက်စီးမှုများ ထိန်းသိမ်း၍ ပွင့်လင်းရာသီတွင် ကတ္တရာအသုံးပြုနိုင်ရေးတိုးမြှင့် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၆၈/၂) အနီးရှိ ကျုံကူးရွာအဝင်လမ်းနှင့် ဘုရားချောင်းတံတားကြွခိုင်မှု၊ အထူးစီမံကိန်းကြီးအဖွဲ့(၅)က စတင်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ဟိုင်းကြီးကျွန်းတံတားတည်ဆောက်ခြင်း စီမံကိန်း လုပ်ငန်းခွင် ခမောက်မော်ဘက်ကမ်း၌ ချဉ်းကပ်လမ်း ဖောက်လုပ်ရမည့်အနေအထား၊ ဟိုင်းကြီးကျွန်းဘက်ကမ်း၌ တံတားဘိုးပိုင် စတင်တူးဖော်ရန် ဆောင်ရွက်ထားမှု၊ လျာထားချဉ်းကပ်လမ်းကြောင်း အနေအထား၊ ရေချိုရရှိအောင် တူးဖော်ဆောင်ရွက်ထားရှိမှု၊ ရေချိုသဲနှင့် ကျောက်စရစ်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဟိုင်းကြီးကျွန်းတံတားမှာ သံမဏိသံပေါင်ကြိုးတံတား (Suspension Bridge)၊ ပင်မတံတားပေ ၆၀၀၊ ချဉ်းကပ်တံတားနှစ်ဖက် ပေ ၆၀၀ စုစုပေါင်းအရှည်ပေ ၁၂၀၀၊ ရေလမ်းကင်း လွတ်နယ်မြေပေ ၂၀ ရှိပြီး သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ဟိုင်းကြီးကျွန်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▲ ***ကျောဖုံးမှ***

*မီးသတ်ဦးစီးဌာန(ရုံးချုပ်)၏ တာဝန်ရှိသူတစ်ဦးက "ရန်ကုန်အနေနဲ့ဆို မီးသတ်ကားအစီးရေက လုံလောက်နေပြီလို့ ပြောရင်ရပါတယ်။ နယ်တွေမှာတော့ အများကြီး လိုအပ်နေပါသေးတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ ငါးနှစ်စီမံကိန်းအရ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့မျှချပေးသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ဆိုခဲ့သည်။*

*ထပ်မံဝယ်ယူမည့် မီးသတ်ကားများမှာ ရန်ကုန်ရှိ မီးသတ်ကားကြီးများကဲ့သို့ Command and Control Centre မရှိသေးသည့်အတွက် G.P.S စနစ်ပါရှိမည်မဟုတ်ကြောင်း သိရှိရသည်။*

*ထို့အပြင် မိမိဒေသ၊ ဇာတိမြေအတွက် မီးသတ်ကားလှူဒါန်းလိုသူ မိသားစုသို့မဟုတ် အသင်းအဖွဲ့၊ ကုမ္ပဏီများအနေဖြင့်လည်း မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။*

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများကိုယ်စား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ဝင်းထံပေးအပ်စဉ်။ (၀၄၄)



## ပညာသင်စရိတ် ပုသိမ်၌ ထောက်ပံ့

**ပုသိမ် ဇူလိုင် ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ယူချေးထားသည့် ချေးငွေများဖြင့် အနေ့ယာဉ်မောင်း သားသမီးများ နှင့် မြို့မဈေးပွဲကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံနှင့်ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က ပုသိမ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဘိုကလေး၌ကျင်းပ

**ဘိုကလေး ဇူလိုင် ၁၈**

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ်အဖြစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ၂၀၁၂ ခုနှစ် ဘိုကလေးမြို့နယ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ကျောင်းချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော် **(ယာပုံ)**နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီး အရာရှိ ဦးကံထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ အင်အား ၃၁၅ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ယူကလစ် အပါအဝင် သစ်ပင် အမျိုး ၁၂ မျိုး၊ သစ်ပင်မျိုးစုံ ၁၂၀၀ပင် တို့ကို ကျောင်းတွင်း ကျောင်းပြင်တို့တွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (၀၆၅)



## ပျော်ဘွယ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပျော်ဘွယ် ဇူလိုင် ၁၈**

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင် (၀၀၂)တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ ပညာပေးဟောပြောခြင်းတို့ကို ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီက အဆိုပါ စက်သုံးဆီအရောင်းဆိုင်၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မင်းထွန်းနှင့် မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၀၂) မန်နေဂျာ ဦးသန်းထွန်းတို့က မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက ဆီလှောင်ကန်များစစ်ဆေးခြင်း၊ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်နည်းများ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ (၄၄၀)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**မြင့်မောင်စိုး - စုစည်းသည်**

## တိုက်စစ်မှူး အီဘရာဟင်မိုဗစ် ပြင်သစ်ကလပ် ပီအက်စ်ဂျီသို့ ရောက်ပြီ

***ပါရီ ဇူလိုင် ၁၈***

*အေစီမီလန်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်အား ပြင်သစ် ပထမတန်းကလပ်တစ်ခုဖြစ်သည့် ပဲရစ်စိန့်ဂျာမိန်း(ပီအက်စ်ဂျီ)က ခေါ်ယူရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ပီအက်စ်ဂျီနည်းပြ လီယိုနာဒိုက ပြောကြားသည်။*

*"အီဘရာဟင်မိုဗစ်နဲ့ ကျွန်တော်တို့ ပီအက်စ်ဂျီကလပ်တို့ဟာ သဘောတူညီမှု တစ်ခုရလိုက်ပါပြီ။ မကြာမီ ဆေးစစ်မှုပြုလုပ်ဖို့ ရှိပါတယ်" ဟု လီယိုနာဒိုက ဆက်လက်ပြောကြားသည်။ ယင်းသဘောတူညီမှုနှင့်ပတ်သက်ပြီး အီဘရာဟင်မိုဗစ်၏ အေးဂျင့်ကလည်း တိုက်စစ်မှူး အီဘရာဟင်မိုဗစ်သည် ပြင်သစ်ကလပ်သို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။*

*ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်သည် အေစီမီလန်အသင်းနှင့်အတူ အီတလီစီးရီးအေဖလားဆွတ်ခူးနိုင်ခဲ့သော တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ အသက် ၃၀ အရွယ်ရှိ အီဘရာဟင်မိုဗစ်သည် ပီအက်စ်ဂျီက စာချုပ်လိုက်သော အာဂျင်တီးနားတိုက်စစ်မှူး အီဇီကွီရယ်လာဗက်ဇီနှင့်အတူ ကစားရမည်ဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက အမှတ်ပေးဇယား ဒုတိယနေရာသာရခဲ့သဖြင့် ချန်ပီယံလိဂ်တိုက်ရိုက်ကစားခွင့်ရှိမည်ဖြစ်သည်။ ပြီးခဲ့သောနှစ်က ပီအက်စ်ဂျီအသင်းသည် အာဂျင်တီးနားကွင်းလယ်ကစားသမား ဂျာဗီယာပက်စတိုးအား ခေါ်ယူခဲ့သည်။ သို့သော်လည်း ဒေးဗစ်ဘက်ခမ်းနှင့် ကားလို့စ်တီဗက်ဇ်တို့အား ခေါ်ယူရန်ကြိုးစားခဲ့မှုမှာ မအောင်မြင်ခဲ့ပေ။*

***(အင်တာနက်)***



တိုက်စစ်မှူးအီဘရာဟင်မိုဗစ်

## တိုက်စစ်မှူးအင်ဒီကာရိုးလ်၏အနာဂတ် မသေချာမရေရာဖြစ်နေ

**လန်ဒန် ဇူလိုင် ၁၈**

လီဗာပူးတိုက်စစ်မှူး အင်ဒီကာရိုးလ်အား နယူးကာဆယ်က တစ်ရာသီကြာ အငှားခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ လီဗာပူးက နယူးကာဆယ်အသင်း၏ ပထမကမ်းလှမ်းချက်ကို ပယ်ချခဲ့သည်။ လီဗာပူးက တိုက်စစ်မှူးကာရိုးလ်အား လစာများများဖြင့်ငှားရန် စဉ်းစားနေသည်။

နယူးကာဆယ်က အင်ဒီကာရိုးလ် **(ယာပုံ)**အတွက် ပထမကမ်းလှမ်းချက်တွင် တစ်ပတ်လုပ်ခ ပေါင် ၈၀၀၀၀ အထိသာပေးခဲ့သည်။ သို့သော်လည်း နယူးကာဆယ်က အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူး အင်ဒီကာရိုးလ်အား အမြဲတမ်းစာချုပ်ဖြင့် ပေါင် ၁၃ သန်းပေးပြီး ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ လီဗာပူးက အနည်းဆုံးပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ အထိ တောင်းဆိုလျက်ရှိသည်။ လောလောဆယ်တိုက်စစ်မှူး အင်ဒီကာရိုးလ်သည် မြောက်အမေရိကသို့ လီဗာပူးအသင်းနှင့်အတူ ရာသီအကြို ခြေစမ်းပွဲများ သွားရောက်ကစားလျက်ရှိသည်။ ယင်းမှအပြန် ဇူလိုင် ၂၃ ရက်တွင် အင်္ဂလန်အသင်းပြိုင်ပွဲများ၌ ပါဝင်ကစားရန်ရှိသည်။



**ကြိုးစား**

ဝက်စ်ဟမ်း အသင်းကလည်း အင်ဒီကာရိုးလ်အား စာချုပ်ရန် စိတ်ဝင်စားနေသည်။ ၎င်းသည် ၂၀၁၁ ခုနှစ်မှ လက်ရှိအချိန်အထိ လီဗာပူး အသင်းတွင် ၅၆ ပွဲပါဝင်ကစားခဲ့ရာ ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဂိုးသွင်းနိုင်မှု အားနည်းနေသဖြင့် လီဗာပူးကလည်း ၎င်းအား အပြီးရောင်းရန် ကြိုးစားလျက်ရှိသည်။

**(အင်တာနက်)**



## ဂျမေကာအပြေးသမား ယိုဟမ်းဘလိတ် မီတာ ၁၀၀ ပြေးပွဲ စံချိန် ၉ဒသမ ၈၅စက္ကန့်ဖြင့်ပန်းဝင်ဗိုလ်စွဲ

**လူဆာနီ ဇူလိုင် ၁၈**

ဂျမေကာ တာတိုအပြေးသမား ယိုဟမ်းဘလိတ်သည် ဇူလိုင် ၁၈ ရက်က ဆွစ်ဇာလန်နိုင်ငံ လူဆာနီမြို့၌ ကျင်းပသော မီတာ ၁၀၀ ပြေးပွဲတွင် စံချိန် ၉ ဒသမ ၈၅ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲသွားခဲ့သည်။ **(ဝဲပုံ)**

**စံချိန်တင်ထား**

ယိုဟမ်းဘလိတ်သည် လက်ရှိမီတာ ၁၀၀ ပြေးပွဲတွင် ကမ္ဘာ့အမြန်ဆုံး စံချိန်တင်ထားသူဖြစ်သည်။ သူသည် လာမည့် အိုလံပစ်ပြိုင်ပွဲတွင် အူစိန်ဘော့ကို အဓိကခြိမ်းခြောက်ကစားမည့်သူဖြစ်လာသည်။ ၎င်းသည် ဂျမေကာ၌ ကျင်းပသော မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြေးပွဲများတွင် ပြိုင်ဘက်အူစိန်ဘော့ကို ကျော်ဖြတ်ပြီး ပန်းဝင်ဗိုလ်စွဲထားသူဖြစ်သည်။

"ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက်တော့ လာမည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲမှာ အများကြီးအထောက်အကူဖြစ်စေမှာပါ။ စံချိန် ၉ ဒသမ ၈၅ စက္ကန့်နဲ့ ပြေးနိုင်တဲ့သူ အလွန်ရှားပါးပါတယ်။ ကျွန်တော် ဒီစံချိန်အတိုင်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ယိုဟမ်းဘလိတ်က ပြိုင်ပွဲအပြီး သတင်းထောက်များအား ပြောကြားသည်။

ယိုဟမ်းဘလိတ်သည် လွန်ခဲ့သောလက ဂျမေကာနိုင်ငံ၌ ကျင်းပသော မီတာ ၁၀၀ ပြေးပွဲတွင် ပြိုင်ဘက်အူစိန်ဘော့ကို ကျော်ဖြတ်ပြီး စံချိန် ၉ ဒသမ ၇၅ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ယင်းစံချိန်သည် ယခုနှစ်အတွင်း ကမ္ဘာ့အမြန်ဆုံး စံချိန်ဖြစ်သည်။ ကမ္ဘာ့အမြန်ဆုံး အပြေးသမားလည်း ဖြစ်လာသည်။

**ဗိုလ်စွဲ**

အူစိန်ဘော့သည် ပေကျင်း ၂၀၀၈ အိုလံပစ်ပြိုင်ပွဲ၌ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ တို့တွင် ဗိုလ်စွဲခဲ့သူဖြစ်သည်။ ၎င်းသည် မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲများ၏ ကမ္ဘာ့စံချိန်ရှင်လည်းဖြစ်သည်။ **(အင်တာနက်)**

# ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် အမေရိကန်နိုင်ငံရှိ တက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အမေရိကန်နိုင်ငံ Johns Hopkins University မှ Professor, Dr.Karl Jackson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များအား အမေရိကန်နိုင်ငံသို့ ဖိတ်ကြားရေးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီနှင့် ကော်မရှင်တို့မှ ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမေရိကန်နိုင်ငံ Johns Hopkins University မှ Professor, Dr.Karl Jackson အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## မှတ်သားဖွယ်မိုးရေချိန်များ

၁၈-၇-၂၀၁၂

**ကျောက်ဖြူမြို့**
၄ ဒသမ ၈၀ လက်မ

**ရေးမြို့**
၄ ဒသမ ၇၂ လက်မ

**မြောက်ဦးမြို့**
၄ ဒသမ ၃၇ လက်မ

**တောင်ကုတ်မြို့**
၄ ဒသမ ၀၉ လက်မ

**ထားဝယ်မြို့**
၃ ဒသမ ၇၀ လက်မ

**သံတွဲမြို့**
၃ ဒသမ ၅၄ လက်မ

# စိတ်တူကိုယ်တူ လုပ်ငန်းတူသူများ စုစည်းကာ အသင်းအဖွဲ့များဖြစ်လာရေး စည်းရုံးဖွဲ့စည်း

## အသင်းအဖွဲ့များမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြည်တွင်း ပြည်ပဈေးကွက်ရရှိရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၁၂ ခုနှစ် ဇွန် ၁၉ ရက်နှင့်၂၀ ရက် တို့တွင် ကျင်းပခဲ့သည့် စီမံကိန်းကော်မရှင် အစည်းအဝေးနှင့် နိုင်ငံတကာ အကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရ





တာဝန်ယူရမည့် ကျန်ရှိသည့် ကာလအတွင်း ပြည်သူလူထုအတွက် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုအကျိုးရလဒ် သိသာထင်ရှားစွာ ဖြစ်ထွန်းလာစေရန်မှာ အချိန်ကာလကို နှိုင်းဆတွက်ချက်ပြီး စီမံဆောင်ရွက်နိုင်ရန် အထူးပင်အရေးကြီးကြောင်း၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပနေရုံနှင့် အချိန်ကုန်မခံဘဲ ကျန်ရှိသည့် သုံးနှစ်တာကာလအတွင်း လက်တွေ့အကောင်အထည်ဖော်ရန် အမြန်ဆုံး စတင်ခြေလှမ်းရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်မှာ ဒေသအလိုက်၊ ကဏ္ဍအလိုက် အမှန်ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ပထမဦးစွာ အကောင်အထည်ဖော်နိုင်ရန် အဓိကဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့မွန်းလွဲ ၂ နာရီတွင် သမဝါယမဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးပွဲများနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်းများ၊ မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းများ၊ ဝန်ဆောင်မှုငွေစုငွေချေး သမဝါယမအသင်းများနှင့် လယ်ယာလုပ်ငန်း ပေါင်းစုံသမဝါယမအသင်းများကို အမြန်ဆုံးတိုးချဲ့ဖွဲ့စည်း၍ အတိုးနှုန်းနည်းနည်းဖြင့် အရင်းအနှီးများ ထပ်မံထုတ်ပေးနိုင်ရန် နိုင်ငံတော်အစိုးရသို့ တင်ပြကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်နိုင်ရန်မှာ ပြည်သူလူထုအကျိုးအတွက် ဒေသအစိုးရအဖွဲ့များ၏ ဆန္ဒနှင့်ညီညွတ်မည့် စီမံကိန်းများဖြစ်ရန် လိုအပ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်း၍ လက်တွေ့အကောင်အထည် ဖော်ရမည်ဖြစ်ကြောင်း။

သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ (၇/၂၀၁၁)မှ (၆/၂၀၁၂) အထိ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ် သုံးသပ်မှာကြားရာတွင် ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမှု ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်း ကျဆင်းအောင် ရည်ရွယ်လျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအား ချမှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒများအားအခြေခံလျက် တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ကာ ဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်းများ ပြန်လည်ဖော်ထုတ်ပြီး ကျန်နှစ်ကာလများတွင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် နည်းပညာပေးအပ်ခြင်း၊ မှတ်ပုံတင်ပေးခြင်းများကို ဆောင်ရွက်နေရုံသာမကဘဲ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရေး အတွက် ရက်ကန်းလုပ်ငန်း၊ အသေးစား ကုန်ထုတ်လုပ်ငန်းများကို ကျေးရွာများ၌ လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးပြီးသော ကျေးရွာများ၌ သမဝါယမဦးစီးဌာနမှ စိတ်တူကိုယ်တူ လုပ်ငန်းတူသူများ စုစည်းကာ အသင်းအဖွဲ့များဖြစ်လာစေရေး စည်းရုံးဖွဲ့စည်းပြီး မတည်ရင်းနှီးငွေများထုတ်ပေးသွားရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များမှ ထုတ်လုပ်ထွက်ရှိလာသော တန်ဖိုးမြှင့်ထွက်ကုန်များကို သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ ပြည်တွင်း ပြည်ပဈေးကွက်ရရှိရေး၊ မှန်ကန်သော ဈေးနှုန်းရရှိရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၂ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ နံနက်ခင်းသတင်း
၇:၅၀ တေးဂီတအစီအစဉ်
၈:၀၀ **၂၀၁၂ခုနှစ်(၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၈:၃၀ International News
၈:၄၀ တေးဂီတအစီအစဉ်

**ညပိုင်း**

၄:၀၀ စစ်ချီတေး၊ စစ်သည်တေး
၄:၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၁၅ **စိမ်းမြခက်ဝေ**
၅:၂၅ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၃၅ **မိုးလယ်ကာလထူးခြား မိုးလေဝသဖြစ်စဉ်များ**
၆:၂၀ ပျော်ရွှင်စေသောနေ့ရက်များ **ကြီးပွားချမ်းသာ** (အပိုင်း-၁) မြင့်မြတ်၊သက်မွန်မြင့် (ဒါရိုက်တာ-ကုသိုလ်)
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- အစာလည်းဆေး၊ ဆေးလည်းအစာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ့်နေ့ရက်များ** (အပိုင်း-၂၃)
- နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၇၄)

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**စလင်း ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက်က စလင်းမြို့ စိန်ပန်းကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမျိုးမြင့်ထွန်းနှင့် ဝန်ထမ်းများ၊ ပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ ယူကလစ်၊ ရေတမာ၊ ကုက္ကို၊ ဖန်ခါးနှင့် ဇီးဖြူ စသည့် ပျိုးပင်များကို စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်သစ်တော)**

**ကွမ်းလုံခရိုင် ကွမ်းလုံမြို့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက်က ဟိုက်ကမ်းပါး သစ်တောကြိုးဝိုင်းအတွင်း ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။** (မြန်မာ့အလင်း)





# သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေး သန်လျင်၌ ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၈**

သန်လျင်မြို့၌ ဇွန် ၁၃ ရက်က ရန်ကုန်-ကျောက်တန်းခရီးသည်တင်ယာဉ် နှင့် ကျောင်းကြို/ပို့ယာဉ်တို့ ထိခိုက်မှုဖြစ်ပွားခဲ့ရာမှ ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ရှစ်ဦးသေဆုံးနစ်နာမှုအတွက် မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် သေဆုံးနစ်နာခဲ့သူရှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၄၀ ကို မြန်မာ့အာမခံလုပ်ငန်း (ရန်ကုန်တောင်ပိုင်းခရိုင်တာဝန်ခံ) ဒေါ်သက်မာက သက်ဆိုင်ရာ နစ်နာသူမိသားစုများ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၄၉)

## မြန်မာ့အလင်း မှုခင်းသတင်း

# မြင်းမူမြို့နယ်၌ ပါရာဒိုကားနှင့် ဆိုင်ကယ်တိုက်မိ

**မြင်းမူ ဇူလိုင် ၁၈**

ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုတိယရဲအုပ်မြင့်လွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ မြင်းမူမြို့ ဝမ်းပြည့်ရွာထိပ် မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၅၀/၄ အနီးတွင် မုံရွာဘက်မှ ယာဉ်မောင်း မောင်စောသိန်းတိုးဝါး ၃၁ နှစ်၊ ရန်ကုန်မြို့ တောင်းကျေးရွာ လှည်းကူးမြို့နေသူ မောင်းနှင်လာသော ၂ယ/. . . ပါရာဒိုငွေမင်ရောင်ကားနှင့် ယာဉ်မောင်း မဝင်းမြတ်သူ ၃၁ နှစ် မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာနေသူနှင့် နောက်တွင် မခင်မျိုးဌေး ၃၁ နှစ် တစ်ရွာတည်းနေသူတို့ စီးလာသည့် ဝမ်းပြည့်ကျေးရွာ ရွာလယ်လမ်းမမှတစ်ဆင့် မောင်းလာသော ဆိုင်ကယ်အမှတ် ၂ယ/. . . တို့ တိုက်မိသဖြင့် မဝင်းမြတ်သူမှာ ဝဲနဖူး ဖူးရောင်ညိုမဲဒဏ်ရာ၊ ဝဲဦးခေါင်းချိုစောင်း တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ၊ ယာပါးပွန်းပဲ့ဒဏ်ရာနှင့် မခင်မျိုးဌေးမှာ ဝဲမျက်ခုံးအနီး ပွန်းပဲ့ဒဏ်ရာ၊ နဖူး ဖူးရောင်ဒဏ်ရာ၊ ယာနဖူး ဘေးပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိပြီး မဝင်းမြတ်သူမှာ ယာဉ်တိုက်မှုဒဏ်ရာများကြောင့် သေဆုံးသွားသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ မြင်းမူရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၇၉)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ရွှေပြည်သာမြို့နယ်၌ဖွင့်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ပြည်သူများ ဗဟုသုတတိုးပွားစေရေး၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ဖြစ်စေရန် ရည်ရွယ်လျက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၁၂)ဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**အင်းစိန်မြို့နယ် အမှတ်(၁)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများတွင် အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲများကို ဇူလိုင် ၇ ရက်ကကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်မိုးကျော်က အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားစဉ်။** (၀၃၁)



## မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ဆားလင်းကြီး ဇူလိုင် ၁၈**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသာခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းအေးငြိမ်းဇင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဒေါ်ဝါဝါဆွေက လူမှောင်ခို၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဆွေထွန်းက အမျိုးသမီးများအားကာကွယ်သည့် ဥပဒေအကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ထူးချွန်ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုချီးမြှင့်

**ပုသိမ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃) ရွှေဝတ်မှုံနယ်မြေ ကင်မလင်းကျွန်း (အဝေးပြေး)ယာဉ်ရပ်နားစခန်းဝင်း (မထသ)ရုံး ရုံးခန်းမ၌ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီက (မထသ)အသင်းဝင် ယာဉ်ပိုင်ရှင်၊ ဂိတ်မှူး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်လုပ်သားများ၏ သားသမီးများအနက်မှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်တင်တင်လှက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ပထမအကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ပစ္စည်းများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ပြီးနောက် ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## တိုက်ကြီးမြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တိုက်ကြီး ဇူလိုင် ၁၈**

တိုက်ကြီးမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းအဖြစ် မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ခန်းမ(၁)လမ်းနှင့် (၂)လမ်းတို့တွင် ပြုလုပ်ကြသည်။ **(အောက်ပုံ)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**



## စဉ့်ကိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် ဇူလိုင် ၅ ရက်က မိုးပွင့်အဆင့်(၃) စီမံချက်အရ ကျောက်ဆည်ခရိုင် ဦးစီးဌာနမှူး ဦးစန်းအောင်ဦးစီး၍ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ သိန္နီကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်သူ ၉၄ ဦးနှင့် အိမ်ထောင်စုစာရင်း လာရောက်ဆောင်ရွက်သူ ၁၆ ဦးတို့အား နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၄၁၁)

## ဗားကရာ ကုန်စည်ဒိုင်၌ အုန်းငှက်ပျော အရောင်းအဝယ်ဖြစ်

**✵ သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်) ✵**

*မြန်မာမှုနယ်ပယ်တွင် ဘာသာရေးပွဲတော်များနှင့် ရိုးရာဓလေ့ပွဲများ၌ အုန်းသီးနှင့် ငှက်ပျောသီးသည် အသုံးများလေ့ရှိသည်။*

*ထို့အပြင် သူ့ချည်းသက်သက်စားသုံးကြသလို အခြားသောစားကုန်များနှင့် တွဲဖက်၍လည်း မုန့်ပဲသွားရည်စာအဖြစ် စားသုံးနေကြသည့်အတွက် အုန်းငှက်ပျော ဈေးကွက်မှာ အမြဲရှင်သန်လျက်ရှိနေကြောင်း တွေ့ရှိရသည်။*

*"အုန်းသီး၊ ငှက်ပျောသီးက အခြားလတွေထက် ယခုလိုဝါဝင်ကာလ၊ ဝါထွက်ကာလတွေမှာ ပိုရောင်းရပါတယ်"ဟု ကြည့်မြင်တိုင် အုန်း ငှက်ပျောဒိုင်ဥက္ကဋ္ဌ ဦးအောင်ဒင်က ရှင်းပြခဲ့သည်။*

*အုန်းသီးကို ကြည့်မြင်တိုင် ဗားကရာအုန်းငှက်ပျောကုန်စည်ဒိုင်ကြီးသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ကနုံ၊ အမာ၊ ဧရာ စသည့်ဒေသများမှ နေ့စဉ် ဆွဲအုန်းအလုံး ၁၅၀၀၀ ကျော်၊ အခွံကျွတ်အုန်းအလုံး ၅၀၀၀၀ ကျော် ဝင်ရောက်လျက်ရှိသည်။* ***(အောက်ပုံ)***

*အရောင်းဈေးကွက်အဖြစ် မန္တလေး၊ ကျောက်ဆည်၊ ရေနံချောင်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ တောင်ကြီး၊ လွိုင်ကော်၊ မိုးကောင်း၊ မြစ်ကြီးနားအထိ ကား၊ ရထားများဖြင့် ပို့ဆောင်ပေးနေရကြောင်းကို ဒိုင်ဥက္ကဋ္ဌ ဦးအောင်ဒင်က ရှင်းပြခဲ့သည်။*

*ဒိုင်ရောင်းဈေးအားဖြင့် ဆွဲအုန်းတစ်လုံးလျှင် ငွေကျပ် ၂၀၀ မှ ၅၀၀ အကြား ရှိနေပြီး အခွံကျွတ်အုန်းတစ်လုံးလျှင် ငွေကျပ် ၂၀၀ မှ ၃၅၀ ကြား ဈေးရှိနေသည်။*

*ငှက်ပျောအနေဖြင့် အထက်မြန်မာပြည် ရွှေဘို၊ ကျောက်ဆည်၊ ပွင့်ဖြူ၊ မတ္တရာ စသည့် မြို့နယ်များမှ ဖီးကြမ်းငှက်ပျောသီး အဝင်များတတ်ပြီး တစ်နေ့လျှင် ငှက်ပျောခိုင် ၈၀၀ မှ ၁၀၀၀ အကြား ပုံမှန်ဝင်လျက်ရှိနေသကဲ့သို့ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း၊ ကျုံပျော် စသည့် မြို့နယ်များမှ တစ်နေ့လျှင် သဘော်နှစ်စင်းဖြင့် ငှက်ပျောခိုင် ၃၀၀၀ ကျော် အဝင်ရှိနေကြောင်း သိရသည်။*

*သီးမွှေးငှက်ပျောများကို ကျိုက်လတ်၊ ကျောင်းကုန်း၊ ကျုံပျော်တို့မှ နေ့စဉ် အခိုင် ၃၀၀၀ ကျော် အဝင်ရှိနေပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ တစ်နေ့လျှင် ငှက်ပျောအခိုင်ပေါင်း ၁၀၀၀ ကျော် ဝင်တတ်ကြောင်း သိရသည်။*

*ဈေးအားဖြင့် ဒိုင်ရောင်းဈေးမှာ ဖီးကြမ်းတစ်ဖီးလျှင် ငွေကျပ် ၄၀၀၊ ၆၀၀၊ ၁၀၀၀ အထိ ဈေးရှိနေတတ်ပြီး သီးမွှေးဈေးမှာ တစ်ဖီးလျှင် ငွေကျပ် ၃၀၀၊ ၆၀၀၊ ၉၀၀ ရောင်းတန်းရှိနေသည်ဟု ဒိုင်ဥက္ကဋ္ဌက ပြောပြသည်။*

*ဒိုင်ကြီးသို့ နေ့စဉ်ဝင်သမျှ ငှက်ပျောမှာ အကုန်နီးပါး ပြန်အရောင်းထွက်လျက်ရှိပြီး ဆွဲအုန်း၊ အခွံကျွတ်အုန်းတို့မှာလည်း ယနေ့ကာလတွင် ရောင်းအားသွက်လျက်ရှိနေကြောင်းဖြင့် အုန်းငှက်ပျောဈေးကွက်သတင်းကို ဖြန့်ခင်းရေးသားလိုက်ရပါသည်။*



## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**ဖျာပုံ ဇူလိုင် ၁၈**

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်မွန်းလွဲပိုင်းက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ရဲထွဋ်မှု၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းတို့က အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်သန်းဌေး(ငြိမ်း)က ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ဖျာပုံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ခုနစ်သိန်းသုံးသောင်းကို တက္ကသိုလ်အဆင့် ငါးဦး၊ အထက်တန်းအဆင့် ၁၁ ဦး၊ အလယ်တန်းအဆင့် ၂၀ နှင့် မူလတန်းအဆင့် ၁၁ ဦး စုစုပေါင်း ၄၇ ဦးတို့အား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၀၆၆)

## အခွန်ဆိုင်ရာ သိကောင်းစရာ ပန်းတနော်မြို့၌ဟောပြော

**ပန်းတနော် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အထက ပန်းတနော်၌ အခွန်ဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က မြတ်ပညာခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးမှူး ဒေါ်စိန်မြင့်က အခွန်ဆိုင်ရာသိကောင်းစရာများ ပညာပေးဟောပြောပြီး အထကပန်းတနော်အတွက် မြို့နယ်အခွန်ဦးစီးဌာန ဝန်ထမ်းများက အခွန်ပညာပေး စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မိုးရာသီ သီးနှံထုတ်လုပ်နိုင်ရေး ဘဏ်ချေးငွေပေးအပ်

**မအူပင် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက မအူပင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်လင်းက အမှာစကားပြောကြားပြီး မအူပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးအေးသောင်းက ချေးငွေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မအူပင်မြို့နယ် မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းက သုံးကြိုင်ကျေးရွာ တောင်သူများအား ဘဏ်ချေးငွေကျပ် ၁၇၅ သိန်းကိုလည်းကောင်း၊ မအူပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးအေးသောင်းက ဝဲဒေါင့်ကျေးရွာ တောင်သူများအား ငွေကျပ် ၂၆၂၅၀၀၀၀ ကိုလည်းကောင်း၊ မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးညီလေးမောင်က ကဝက္ကင်းကျေးရွာအုပ်စု တောင်သူများအား ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမျိုးခန့်က အခြိကျေးရွာအုပ်စု တောင်သူများအား ငွေကျပ် ၃၇၄၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ရာ အခြိကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)** (၀၆၈)



## စီမံကိန်းတာဝန်များ ရန်ကင်း၌ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် အခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစီသောင်းတို့က ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၃)

## မှုခင်းသတင်း

## တာချီလိတ်မြို့၌ လောင်းကစားဂိမ်းခုံများဖမ်းဆီး

**တာချီလိတ် ဇူလိုင် ၁၈**

တာချီလိတ်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းရေးအတွက် လောင်းကစားများ ပပျောက်ရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီခွဲခန့်တွင် တာချီလိတ်ခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ် ဝင်းဇော်ထွန်းဦးစီးသောအဖွဲ့သည် သက်သေမိုင်းကိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့တို့နှင့်အတူ တာချီလိတ်-ကျိုင်းတုံကားလမ်းဘေး ဟိုရမ်းရွာရှိ နေအိမ်ခြံဝင်းတစ်ခုအတွင်း၌ လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အကြွေစေ့နှင့်ထည့်ကစားရသည့် သရဖူဂိမ်းခုံ ခြောက်ခုံ၊ ဘောလုံးခုံ နှစ်ခုံ၊ လူခြောက်ဦးကစားရသည့် ငါးရုပ်ပုံပါဂိမ်းခုံကြီး နှစ်ခုံ၊ လောင်းကြေးငွေ စုစုပေါင်း မြန်မာငွေကျပ် သုံးသိန်းခွဲနှင့်ညီမျှသော ထိုင်းဘတ်ငွေများနှင့် ၁၀ ဘတ်စေ့တန်ဖိုးနှင့် ညီမျှသော လောင်းကစားရာတွင် တိုကင်အဖြစ်အသုံးပြုသည့် အကြွေစေ့စုစုပေါင်း ၄၁၁၆ စေ့၊ လောင်းကစားဒိုင်ပြုလုပ်သူတစ်ဦးနှင့် လာရောက်လောင်းကစားနေသူ သုံးဦးတို့အား ရှာဖွေတွေ့ရှိဖမ်းဆီးရမိသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

အလားတူ ဇူလိုင် ၁၁ ရက် ည ၁၂ နာရီခွဲအချိန်ကလည်း တာချီလိတ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် မြင့်ထွေးဦးစီးသောအဖွဲ့သည် သက်သေ ဆန်ဆိုင်း(က) ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တို့နှင့်အတူ ဆန်ဆိုင်း(က)ရပ်ကွက် အိမ်အမှတ် ၆/၃ တွင် လောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ငါးသရောက်မြို့၌ ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

**ငါးသရောက် ဇူလိုင် ၁၈**

ညောင်ဦးခရိုင် ငါးသရောက်မြို့ ထန်းငယ်တောကျေးရွာတွင် ဇူလိုင် ၁၅ ရက် ည ၉ နာရီခွဲက ဓာတ်လိုက်ပြီး သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ သေဆုံးသူ ကိုဆန်းထွန်းသည် ရေချိုးအပြီး ရေစိုနေစဉ် ဖိနပ်မပါဘဲ မတ်တတ်ရပ်လျက်အနေအထားနှင့် လျှပ်စစ်မီးခလုတ်တစ်ခုပြင်ဆင်ရာတွင် မီးခလုတ်တွင်းမှ ကြိုးစတစ်ခုကို လက်သည်းညှပ်ဖြင့် လှမ်းဆွဲလိုက်မိစဉ် မြေကြီးပေါ်သို့လဲကျသွားပြီး ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၆၉)

THE AMAZING SPIDER-MAN
SNOW WHITE & THE HUNTSMAN
407 DARK FLIGHT 3D

DMA APPROVED
UNIQUE MARINE TRAINING CENTER

နန္ဒာသိန်းဇံ
Arimaddana Inspirations
The Footstep and Thoughts
Inspired by Bagan
Translated by Daw Kyi Kyi Hla

## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၁၆-၉-၂၀၁၂ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး အကောက်ခွန်ဓမ္မသုခရိပ်သာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

သင်္ကန်းလှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေလှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)ဖုန်း-၅၅၉၄၇၂၊ ဒုဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)ဖုန်း-၄၃၀၄၃၅၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆၊ ဦးရဲမြ(ကေအမ်ဒီ) ဖုန်း-၂၉၈၂၈၁ နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၇-၂၀၁၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၆ ပါ နယ်ဖြစ်ရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၉/၈၄)မှ သူငယ်ချင်းများအားလုံး တွေ့ဆုံကြရအောင် ကြော်ငြာတွင် နယ်ဖြစ်ရဲအုပ်လောင်းသင်တန်းအစား နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။







### အမည်မှန်

ဦးစောသိန်း၏သမီးဖြစ်သူ ကျိုင်းတုံမြို့၊ အထက-၂၊ နဝမတန်းမှ နန်းလောင်ငင်း၏ အမည်မှန်မှာ မခိုင်ငြိမ်းချမ်း ၁၃/ကတန(နိုင်)၁၆၆၀၁၁ ဖြစ်ပါကြောင်း။ **မခိုင်ငြိမ်းချမ်း**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လက်ရှိပြေးဆွဲနေသော ကုန်တင်ရေယာဉ်နှစ်စင်း ရောင်းရန် ရှိပါသည်။ ရေယာဉ်အချက်အလက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလျား ၇၂ ဒသမ ၉ မီတာ
(ခ) အနံ ၁၂ ဒသမ ၀ မီတာ
(ဂ) အမြင့် ၆ ဒသမ ၅၈ မီတာ
(ဃ) တန်ချိန် ၁၆၃၅ တန်
(င) မြင်းကောင်ရေ - ၁၇၀၀
(စ) ထုတ်လုပ် - နော်ဝေနိုင်ငံ

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၀၃၂၂၄၊ ၀၁-၅၃၈၉၀၃၊ ၀၉-၅၀၁၅၄၄၂**

## ကားရောင်းမည်

ဖုန်း-၀၉-၅၁၄၃၇၈၈၊ ၀၉-၅၁၀၂၈၁၁

ESTIMA 97' DIESEL 3C/8 SEATER 4WD 4/B ယာယီ SILVER **ကျပ် ၂၁၅ သိန်း။**

ALPHARD 2003 3.0/ 4WD 4/B, MX-L ၄ဃ/--- Pearl white **ကျပ် ၂၈၅ သိန်း။**

Hilux Surf 97' 4/B Dark Blue ၅ဃ/--(နောပေါက်/ Sunroof မပါ)နောက်ချိတ် **ကျပ်သိန်း ၂၅၀။**

## ဝမ်းနည်းကြေကွဲခြင်း

ဗဟန်းမြို့နယ် စာရေးဆရာအသင်းနာယက ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဗိုလ်ကြီးခင်မောင်အေး(ငြိမ်း) (စာရေးဆရာတက္ကသိုလ်ခင်မောင်အေး) ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသာအောင် (တောင်သာ၊ ကျောက်ကာ)
အသက်(၈၇)နှစ်

ဦးခင်မောင်စိုး (သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်ကြည်ကြည်စန်းတို့၏ဖခင် ဦးသာအောင် အသက်(၈၇)နှစ်သည် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်စိန်တင်
အသက်(၈၅)နှစ်

ဒေါ်လှဦးနွယ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန)၏မိခင် ဒေါက်တာဒေါ်စိန်တင် အသက်(၈၅)နှစ်သည် ၁၇-၇-၂၀၁၂ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှဦးနွယ်၏မိခင် ဒေါ်စိန်တင် အသက်(၈၅)နှစ်သည် ၁၇-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး(၁)**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်စိန်တင်
အသက်(၈၅)နှစ်

ဒေါ်လှဦးနွယ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန)၏မိခင် ဒေါက်တာဒေါ်စိန်တင် အသက်(၈၅)နှစ်သည် ၁၇-၇-၂၀၁၂ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၉)၊ ဆည်မြောင်းဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘအေး (ကျောက်မဲ၊ မိုးကုတ်)
အသက်(၈၀)

(အန်တီဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဦးအောင်ကျော်မြတ်-ဒေါ်တင်မြင့်ကြည်(မမချို) (ဆုမြင့်မြတ်ရတနာ၊ ဗိုလ်ချုပ်ဈေး)တို့၏ချစ်လှစွာသောဖခင်သည် ၁၄-၇-၂၀၁၂ ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နိုင်နိုင်၊ ဘိုဘို၊ ချိုချို**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြတ်မြတ်စိုး(ခ)ဒေါ်မြပိုပို
အသက်(၆၆)နှစ်

Captain ကိုဝင်းမြတ်သူ(M.V CEPHEUS)၏မိခင် ဒေါ်မြတ်မြတ်စိုး အသက်(၆၆)နှစ်သည် ၁၆-၇-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

**Chief Engineer ကိုနေမျိုးသန့်**
**Chief Officer ကိုနေမျိုးနှင့်**
**သင်္ဘောဝန်ထမ်းများ (M.V CEPHEUS)**
**St. Johns Shipping**

---

## ဝမ်းနည်းကြေကွဲခြင်း

Grand Mee Ya Hta Hotel, Front Office ဌာနမှ ဦးမျိုးမြင့် အသက်(၅၉)နှစ်သည် ၁၇-၇-၂၀၁၂ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂရင်းမီးရထားမှ**
**ဝန်ထမ်းမိသားစုများ**

---

## ဦးသောင်းတင်(ခ)ဦးတင်မြင့်(ခ)ဦးလှအောင်
(ရေဦး၊ သမိုင်း)
လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
(ဂျပန်ခေတ်စစ်တက္ကသိုလ်တတိယပတ်တပ်စု-၁)
(ရေဦးမြို့နယ်အသင်းနာယက)
အသက်(၉၀)

ရေဦးမြို့၊ကုန်းပေါ်ရပ်၊ သံသည်လမ်းနေ(ကုန်သည် ဦးမှင်-ဒေါ်မြာ)တို့၏သား၊ (သခင်အေးမောင်ကြီး)-ဒေါ်စန်းရီ၊ (ဦးလေးမောင်-ဒေါ်အေးရင်)၊ (ဒေါ်တင်အေး)တို့၏ညီမောင်၊ (ဦးသန်း-ဒေါ်မြစိန်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ အမှတ်(၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၂၉နေ (ဒေါ်ညွန့်တင်၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးမြင့်ကြည်)-ဒေါ်မာမာချို (အင်းစိန်ဈေး)၊ ဦးအောင်နိုင်ဦး-ဒေါ်ခင်စိုးဝင်း(စမ်းချောင်း)၊ အရာခံဗိုလ်အောင်မြတ်သူ(ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ)၊ (မနှင်းရည်အောင်)တို့၏ဖခင်၊ မခိုင်နွယ်ဝင့်၊ မဆုလှိုင်နု၊ မောင်ဖြိုးသူကျော်၊မောင်သီဟဖြိုးဇင်တို့၏အဘိုးသည် ၁၄-၇-၂၀၁၂ ရက်(စနေနေ့)ညနေ ၄း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၇-၂၀၁၂ရက်(တနင်္လာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ခင်ဌေး(ခ) နော်ပီးတီး
အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ဝင်းစိန်(ငြိမ်း) - ဒေါ်သိန်းသိန်းတို့၏ ကိုတ္တိမသမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပိန်းသီလာနေ(ဦးစောစံကေး-ဒေါ်နော်တပဲနာ)တို့၏သမီးသည် ၁၇-၇-၂၀၁၂ရက် ည ၉း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးအောင်
(ပေါက်ပေါက်)
အထက(၂)ပုဇွန်တောင်
ကျောင်းသူဟောင်း
အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ (ဦးစောထွန်းမောင်-နော်ကြင်စိန်)တို့၏မြေး၊ (ဦးစောအောင်ကြီး-ဒေါ်မြစိန်)တို့၏သမီးထွေး၊ကညွှတ်ကွင်းနေ (ဦးမောင်ကြီး-ဒေါ်လှ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၇၆ (ခြောက်လွှာ)၊ မြောင်းကြီးလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးကျော်ဒင်(ခ)ဦးကျော်လွင်၏ဇနီး၊ (ဦးတင်ထွန်း)၊ (ဦးလှထွန်း)-ဒေါ်စုစုခင်၊ ဦးမြင့်ထွန်း-ဒေါ်ခင်စိန်၊ ဦးသိန်းလွင်-(ဒေါ်ဖြူဖြူ)၊ဦးစိုးအောင်-ဒေါ်နီနီ၊ ဦးဆိုင်မွန်-ဒေါ်ဝါဝါတို့၏ညီမ၊ တူ၊ တူမ ၁၄ ယောက်တို့၏အဒေါ်သည် ၁၈-၇-၂၀၁၂ ရက်(အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(မြောင်းကြီးလမ်း၊ရေကျော်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

တပ်ကြပ်ကြီး
## သန်းဌေးအောင်(ခ) ဘိုဌေး (မကွေး)
လေ-၂၅၇၀၀
အသက်(၃၇)နှစ်

မကွေးမြို့၊ ပွဲကြိုရပ်၊ နတ်မောက်လမ်း၊ အမှတ် ၇၉၊ ကေသီညွှန့်(နှင်းဆီခြံ)နေ (ဦးညိုလှ)-ဒေါ်ပုတို့၏သားထွေး၊ (ဦးထွန်းသစ်၊ အထက-၃၊မကွေး)-ဒေါ်မြမြဝင်း(အထက-၃၊မကွေး)၊ ဦးကျော်ကျော်-ဒေါ်အေးခင်သန်း၊ ဦးသိန်းထွန်းဦး-ဒေါ်ခင်သွယ်သွယ်အောင်၊ ဦးသိန်းဝင်း-ဒေါ်အေးခင်စန်း၊ ဒေါ်မြင့်မြင့်သန်း (အထက-၄၊မရမ်းကုန်း)တို့၏ညီမောင်၊ မအိမြတ်ဖြူ၊ မမေမြတ်ခိုင်၊ မောင်ဘုန်းကြည်သာ၊ မမီမီကျော်တို့၏ဦးလေးသည် ၁၄-၇-၂၀၁၂ရက်(စနေနေ့)ညနေ ၄း၄၅နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၂ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားသိရှိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဒေါ်စိန်တင်
(Sheila Pan Maung)
လက်ထောက်ကထိက(ငြိမ်း)
ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၃၃(ဂျီ)၊ မောရဝတီလမ်း၊ ရှစ်မိုင်ခွဲနေ (ဦးပန်းမောင်-ဒေါ်လှခင်)တို့၏သမီး၊ (ဦးအောင်စော)၏ဇနီး၊ (ဒေါ်စိုးတင်)၏ညီမ၊ ဒေါက်တာဝင်းနိုင်-ဒေါ်လှဦးနွယ် (ဆည်မြောင်း)၊ ဒုတိယဗိုလ်မှူးကြီးအောင်ရွှေစော(အမှတ်-၁၊ တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)-ဒေါ်ခင်ဆွေအေး၊ ဒေါက်တာမေမြနွယ် (ခေတ္တ-UK)၊ ကပ္ပတိန်အောင်ဖေစော-ဒေါ်ယုသက်စံတို့၏မိခင်၊ ဒေါက်တာကျော်လင်းစော(ခေတ္တ-UK)၊ မယမင်းအေး(Final Year, German YUFL)၊ မောင်ခန့်ညီလင်းတို့၏အဘွားသည် ၁၇-၇-၂၀၁၂ရက် ည ၇း၀၅နာရီ၌ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး
## ဦးစစ်မြိုင် (မန်နေဂျာ)
(Myanmar Makro Industry Co., Ltd.)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့သစ်အလယ်ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ် ၂နေ (ဦးခန့်မာ)-ဒေါ်ကျင်ထွေးတို့၏သားငယ်၊ (ဦးဖန်-ဒေါ်ထွေးရီ)တို့၏သားသမက်၊ ဒေါ်နုနုယဉ်၏ခင်ပွန်း၊ မောင်ကောင်းခန့်ဖုံး၏ဖခင်၊ (ဦးတင်မြင့်)-ဒေါ်ရှုတင်၊ဦးကျော်လှ-ဒေါ်ရှုအေး၊ ဦးစိန်ဝင်း၊ ဦးညွန့်ဦး-ဒေါ်ရှုဟုန်၊ ဦးစစ်အောင်-ဒေါ်မြတ်သင်းကြည်၊ (ဦးသိန်းကွယ်)-ဒေါ်ရှုဟန်၊ ဦးစစ်နိုင်-ဒေါ်စန္ဒာဝင်းတို့၏ညီ/မောင်၊ ဦးကြည်ဖေ-ဒေါ်မြတ်ယုယုမွန်တို့၏အစ်ကို၊ တူ၊ တူမ ၂၄ ယောက်တို့၏ဦးလေးသည် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ကိုကြည်မင်း
(A/B) Uniteam Marine
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ ၁၁၄ လမ်း၊ အမှတ် ၁၆(A)၊ မြေညီထပ်နေ ဦးတင်ဌေး-ဒေါ်ခင်ကြည်တို့၏သားထွေး၊ ဦးကံစိန်-ဒေါ်သင်းသင်းဦး၊ ဦးမြင့်ထွန်း-ဒေါ်မိုးသီတာ၊ ဦးမြင့်အေး-ဒေါ်စန်းစန်းမော်တို့၏ညီ/မောင်၊ တူ၊တူမ ရှစ်ယောက်တို့၏ဦးလေး ကိုကြည်မင်းသည် ၁၆-၇-၂၀၁၂ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## မဟန်နီထွန်း (မြိတ်)
အသက်(၂၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ အမှတ် ၆၀၊ လေးလွှာ(အေ)နေ ရာသက်ပန်အသင်းဝင်အမှတ်(၁၂၇၀)ဦးစိုးကြည်-ဒေါ်အေးအေးသန်းတို့၏ သမီးကြီးသည် ၁၇-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးသင် (ပုလော/ရှပ်ပုံ)
အသင်းဝင်အမှတ်-၄၃၈၇
အသက်(၉၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာ၊ လယ်ပြင်တန်းရပ်နေ(ဦးလွန်းရွှေ)၏ဇနီး၊ (ဦးကြည်လွင်၊ ဘဏ္ဍာရေးမှူးဟောင်း၊ ပုလောမြို့နယ်အသင်း၊ရန်ကုန်)-ဒေါ်တင်ဝင်းတို့၏မိခင်သည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရှပ်ပုံကျေးရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်သီး (ကျွဲကူး)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊အောင်ဇေယျရိပ်မွန်၊ တိုက် ၂၊ အခန်း ၃၀၈နေ (ဦးဖိုးကျော်-ဒေါ်စိန်)တို့၏သမီး၊ (ဆရာဦးကိုကိုကြီး)၏ဇနီး၊ ဦးလှမြင့်ထွန်း-ဒေါ်ခင်ညို၊ ဒေါ်ဝင်း၊ ဦးသန်းအောင်-ဒေါ်ခင်ချိုမာ၊ ဦးမင်းဆွေတို့၏မိခင်၊မောင်မင်းသူအောင်၊ မောင်ဇေယျာထွန်း၊ ဦးဉာဏ်ဝင်း-ဒေါ်တင်တင်ဖြူ၊ မအိဖြူ၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၈-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်ကျင်လှ (ဝါးခယ်မ)
အသက်(၈၈)နှစ်

ဝါးခယ်မမြို့၊ အမှတ် ၅၃၊ မြို့မလမ်း၊ ပတ္တမြားရပ်ကွက်နေ ဦးကျော်သန်း၏ဇနီး၊ဦးလှသိန်း-ဒေါ်မြင့်ကြည်(ရွှေမြန်မာဆန်စက်၊ ဝါးခယ်မ)၊ ဦးတင်ဝင်း- ဒေါ်ခင်သန်းဆွေ၊ ဦးကြည်ဝင်း-ဒေါ်ခင်ဆွေညွန့်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၂ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၂၂၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြရီ
မိုးကောင်း မိုးကုတ်ဝိပဿနာ
ဘုရားလေးကျောင်း
ရာသက်ပန်ယောဂီ
အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၇၄၉နေ (ဦးအေးမောင်)၏ဇနီး၊ (ဦးစိုးမိုးနိုင်)-ဒေါ်သင်းသင်းနွယ်၊ ဦးမြင့်မောင်-ဒေါ်ခင်မေဦး၊ ဦးချိန်မော်-(ဒေါ်ခင်အေးမူ)၊ (ဦးစိုးစိုးလှိုင်-ဒေါ်မိမိစန်း)၊ ဦးကျော်လွင် - ဒေါ်ချိုချိုမြင့်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၁၇-၇-၂၀၁၂ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ကိုဖြိုးဝေဌေး
(MV.Sunny Youne)
(A.B Golden Eagle Co., Ltd.)
အသက်(၃၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အောင်မင်္ဂလာ(၅)လမ်းနေ ဦးသန်းဌေး(3/E SUNFAR Co., Ltd.)-ဒေါ်ခင်အေးရီ(ကျောင်းဆရာမ၊ ငြိမ်း)တို့၏သား၊ ကိုဖြိုးဖြိုးဖေ-မနှင်းနွေအေးတို့၏မောင်၊ ကိုစည်သူဌေး (4/E Golden Eagle Co., Ltd.)၊ ကိုဇေယျာဌေး (Golden Eagle Co., Ltd.)၊ ကိုဝေယံဌေးတို့၏အစ်ကိုကြီးသည် ၁၃-၇-၂၀၁၂ရက်(သောကြာနေ့) ည ၁၁း၂၀နာရီတွင် ဘရာဇီးနိုင်ငံ၌ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကောင်းတင် (ဇာသပြင်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ၊ အမှတ် ၃၃နေ (ဦးရှိန်-ဒေါ်ကွန်မယ်)တို့၏သား၊ (ဦးဘိုးချစ်-ဒေါ်ကြည်မေ)တို့၏သားသမက်၊ ဒေါ်ခင်သောင်းချစ် (ညွှန်ချုပ်၊ ငြိမ်း C.S.O) ၏ခင်ပွန်း၊ ဒေါက်တာဝင်းအောင် (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)-ဒေါက်တာခင်မီမီတင်၊ ဒေါ်ဝေဝေတင်(SAT၊ ငြိမ်း၊ အထက-၂၊ ကမာရွတ်)၊ ဒေါက်တာသီဟတင်(Mayo Health System, U.S.A) ၊ သမားတော် ဒေါက်တာသီဝတင်-ဒေါက်တာစိမ်းမြမြအေး (ဦးနှောက်နှင့်အာရုံကြောဌာန၊ YGH)၊ အိအိတင်တို့၏ဖခင်၊ ဒေါက်တာမေအင်ကြင်းအောင် (MDIS, Singapore)၊ မောင်မင်းတေဇအောင် (P.S.B Acadamy, Singapore)၊ မောင်စိုးထက်တင်(Grade-II, I.S.M)၊ မမိုးပွင့်တင်တို့၏ဘိုးဘိုး၊ (ဒေါ်နှင်းဌေး)၊ (ဦးသန်းထွန်း)-ဒေါ်နှင်းရွှေတို့၏မောင်၊အစ်ကို၊ ဒေါက်တာဥမ္မာထွန်း၊ ဗိုလ်မှူးကြီးခင်ဇော်(တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)-ဗိုလ်မှူးကြီးကေသီထွန်း(တပ်မတော်ဆေးတက္ကသိုလ်)၊ ဒေါက်တာဇော်သန်းထွန်း (NYGH)-ဒေါ်ကြည်ကြည်ညွန့်တို့၏ဘကြီးသည် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှညွန့်
အသက်(၈၉)နှစ်

ဆရာစံမြောက်/အရှေ့၊ စမ်းရေတွင်းလမ်း၊ အမှတ် ၃၇နေ (ဦးစံဖေ-ဒေါ်အုန်းရင်)တို့၏သား၊ ဒေါ်ခင်မြမြ၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ချစ်စု၊ ဒေါ်ခင်သန်းမြင့်၊ (ဦးအောင်နိုင်)-ဒေါ်နီနီ၊ ဦးမြင့်အောင်၊ ဒေါ်ညွန့်ခိုင်၊ ဦးတင်မိုးအောင်၊ ဦးလှစိုးမိုး၊ ဦးကျော်စွာဦး-ဒေါ်ကေသီခိုင်၊ မဇင်မျိုးခိုင်၊ မနီနီလှိုင်၊ မဆွေဆွေဝင်းတို့၏ဖခင်သည် ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့)ညနေ၃နာရီတွင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး
## ဦးအောင်သန်း
(ဌာနစုမှူး၊ စီမံခန့်ခွဲရေး၊ ငြိမ်း)
ဗဟိုဝန်ထမ်းတက္ကသိုလ်၊ဖောင်ကြီး
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ် ၂၂နေ ဒေါ်မြင့်စန်း၏ခင်ပွန်း၊ ဒေါ်လွင်လွင်မော်(ဗဝတ၊ ဖောင်ကြီး)၊ ဦးရဲမင်းအောင်(WCS)-ဒေါ်ဘုန်းခင်သန်း (ဦးစီးအရာရှိ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ)၊ ဦးသန်းနိုင်စိုး-ဒေါ်ဂျွန်ကို၊ ဦးပြည့်ဖြိုးပိုင်-ဒေါ်ထက်ထက်အောင်(အထပ၊ကြို့ကုန်း)၊ ဦးဇာနည်မင်း-ဒေါ်မွေးမြင့်ရည်မွန်တို့၏ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## Nu Kim Kulh
အသက်(၆၀)

(Pu Lum Thawng-Pi Duh Hngel) တို့၏သမီး၊ (Pu Lal Bik-Pi Sung Hniang) တို့၏တူမ၊ Nu Naih Luan ညီမ၊ Nu Thuah Cer, Nu Lai Nem တို့၏အစ်မ၊ (Rev. Lan Thuan-Daw Aida), Pa Rang Hlur-Nu Kip Nawn တို့၏ဝမ်းကွဲညီမ၊ Pa Tin Ko Bik-Nu Sui Hniar, Nu Aa Sui, Pa San Lwin-Nu Sui Par တို့၏ဝမ်းကွဲအစ်မ၊ Nu Cin Sui, Nu Siang Tin Zing, Pa Ram Kim, Pa Sui Lian Thawng, Pa Mang Luai, Nu Siang Nei, Nu Sang Nei, Pa Lian Sin Bik, Pa Mang Sin Bik, Nu Van Nei Zing တို့၏အဒေါ်သည် ၁၆-၇-၂၀၁၂ရက် မွန်းလွဲ ၁း၃၀နာရီတွင် တိုက် ၃၁၊ အခန်း ၈၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်အမှတ် ၁၂၅၊ ဗားကရာလမ်း၊ ချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ စမ်းချောင်းမှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
## ဦးခင်မောင် (ဟင်္သာတ)
သစ္စာဒီပက
ဝိပဿနာအဖွဲ့ချုပ်နာယက
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၃၅နေ (ဦးစံမင်း-ဒေါ်ခ)တို့၏သားကြီး၊ ဒေါ်သန်းညွန့်၏ခင်ပွန်း၊ (ဗိုလ်မှူးဒေါ်လှမြိုင်-ဒုတိယဗိုလ်မှူးကြီးဂျေဆွမ်းလျှင်း)၊ ဒေါ်တင်ညွန့်-(ဦးအောင်သိန်း)၊ (ဦးတင်မောင်-ဒေါ်လှရင်)၊ဦးတင်အောင်-ဒေါ်ယု၊ ဒေါက်တာအေးအေးမာ-(ဦးသန်းဝင်းချစ်)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်သန်းဆွေ၊ ဒေါ်ခင်သန်းစိုး (အထပ၊ အထက-၃၊ တာမွေ)၊ ဦးရှိန်ဝင်း(ဒုညွှန်မှူး၊ လဝက)-ဒေါ်ခင်လှမြင့်(ဦးစီးအရာရှိ၊ ဗဟိုဘဏ်)၊ (ဗိုလ်ကြီးအောင်ခိုင်)၊ ဦးငွေဇင်-ဒေါ်မာလာအေး၊ ဦးတင့်ထူးအောင်-ဒေါ်အေးမမထွန်း(မြန်မာ့ရွှေဆောင်ဘဏ်)တို့၏ဖခင်၊ မမြတ်အိန္ဒြေခင် (Grade-8၊ အလက-၁၊ ဒဂုံ)၊ မောင်ကောင်းခန့်ဟိန်း (Grade-4၊ အလက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၁၇-၇-၂၀၁၂ရက် ည ၉း၃၅နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြခင်(ခ)ဒေါ်လေး
အသက်(၆၇)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ တော်ကနားကျေးရွာနေ (ဦးစိန်-ဒေါ်ပု)တို့၏သမီး၊ (ဦးသောင်းကျော်စိန်)၏ဇနီး၊ (ဦးတင်ကြည်)၏ညီမ၊ ဦးခင်မောင်ရင်-ဒေါ်မြင့်မြင့်ဟန်တို့၏အစ်မ၊ကိုကျော်သူရ-မိတင်တင်ထွေးတို့၏မိခင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၃၁ (လေးလွှာ- A၊ ခေါင်းရင်း)နေ ဦးစိုးမြင့်-ဒေါ်သန်းသန်းအေးတို့၏ ဒေါ်လေးသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မဟန်နီထွန်း
Final Year (Zoology)
(ဒဂုံတက္ကသိုလ်)
အသက်(၂၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် ၆၀၊ လေးလွှာ(A)၊ ဗဟိုလမ်း၊ ခိုင်ရွှေဝါလမ်း၊ လှည်းတန်းနေ ဦးစိုးကြည်-ဒေါ်အေးအေးသန်းတို့၏ သမီးကြီး၊ မမေသူခိုင် (Grade-9, B၊ အထက-၁၊ ပန်းဘဲတန်း)၏အစ်မသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။**
**R. 488**

19-7 (19).pmd 1 7/19/2012, 2:03 AM

# ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ



ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း (၃)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခုနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ**၌ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး၏ စက်မှုကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမျိုးအောင်က ပြန်လည်ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ပုဂ္ဂလိကပိုင်းစက်မှုလုပ်ငန်း (SME) များ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် လိုအပ်သော အရင်းအနှီးများကို လိုအပ်သလို ဖြည့်ဆည်းပေးနိုင်ရေး ပြည့်စုံကောင်းမွန်သောဘဏ်စနစ်ကို အကောင်အထည်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် SME လုပ်ငန်းများ ပိုမိုအောင်မြင်လာစေရေးအတွက် အစိုးရက မည်သို့ကူညီဆောင်ရွက်ပေးလျက်ရှိသည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်တို့အနေဖြင့် ချေးငွေများထုတ်ချေးရာတွင် စုစုပေါင်းချေးငွေ၏ (၅၀)ရာခိုင်နှုန်းအား စက်မှုလက်မှုကဏ္ဍသို့ *စာမျက်နှာ ၈ ကော်လံ ၁* *

## မြန်မာ့အလင်း ယနေ့ ပတ်စရာ၊ မှတ်စရာ


သက်တမ်းရင့် သစ်ပင်အိုပြိုတော့မလို ဟန်ရေးပြင် စာ-၂



ဂျပန်အနောက်တောင်ပိုင်း၌ မုန်တိုင်းဖြစ်ပေါ် ရေလွှမ်းမှုများဖြစ်နိုင်ကြောင်း သတိပေး စာ-၄



တိုက်စစ်မှူး အီဘရာဟင်မိုဗစ် ပြင်သစ်ကလပ် ပီအက်စ်ဂျီသို့ရောက်ပြီ စာ-၅





ဗားကရာ ကုန်စည်ဒိုင်၌ အုန်းငှက်ပျော အရောင်းအဝယ်ဖြစ် စာ-၁၀




စမ်းချောင်းမြို့နယ်ဗုန်မှ ခေတ်မီမီးသတ်ကားတစ်စီးကို တွေ့ရစဉ်။

## မီးဘေးကာကွယ်ရေးအတွက် မီးသတ်ကားအစီး ၁၀၀ ဝယ်ယူမည်

**သတင်းနှင့်ဓာတ်ပုံ ဇင်ကိုကိုထက်**

*ရန်ကုန် ဇူလိုင် ၁၈*

*မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံးအတိုင်းအတာအရ လက်ရှိ မီးသတ်ကား အစီးရေ ၁၂၀၀ ခန့်ရှိပြီးဖြစ်သော်လည်း အစီးရေ ၆၀၀ ခန့် ထပ်မံလိုအပ်ချက်ရှိနေကြောင်း မီးသတ်ဦးစီးဌာန(ရုံးချုပ်)က တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။*

*လောလောဆယ်အားဖြင့် ဒေါ်လာ ၈၀၀ မှ ၁၀၀၀ ဆံ့ နိုင်ငံခြားလုပ် မီးသတ်ကားအစီးရေ ၁၀၀ ဝယ်ယူနိုင်ရန် ဦးစီးဌာနက တင်ဒါခေါ်ယူထားပြီးဖြစ်ကြောင်း သိရသည်။* **စာမျက်နှာ ၅ ကော်လံ ၂** ▲

# အမျိုးသားလွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသား လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က **နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်က ထောက်ခံသည်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၅-၇-၂၀၁၂ ရက်ထက် နောက်မကျဘဲ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ အမျိုးသားစီမံကိန်းရေးရာကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးဇော်မြင့်နှင့် ကော်မတီဝင် ဦးစိုင်းသန့်ဇင်တို့က **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ** *စာမျက်နှာ ၉ ကော်လံ ၂* ●



# အိန္ဒိယအရှေ့ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း မြစ်ရေလျှံပြီး ဒေသခံ ၄၀၀၀၀ ကျော် ရေဘေးဒုက္ခကြုံ

**ကိုလ်ကတ္တား ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ အနောက်ဘင်ဂေါပြည်နယ်တွင် ဇူလိုင် ၁၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ ၄၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ ထိုဒေသတွင် ယခင်ရက်များကလည်း မိုးဆက်တိုက်ရွာခဲ့သည်။

ရေလွှမ်းမှုအဆိုးရွားဆုံးဖြစ်ပွားသည့်နေရာမှာ အနောက်ဘင်ဂေါပြည်နယ် မြောက်ပိုင်းဒေသတွင်ဖြစ်ပြီး မြစ်ရေလျှံမှုကြောင့် အနီးဝန်းကျင်တွင်နေထိုင်သော ဒေသခံပြည်သူများ၏ နေအိမ်များရေနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(ဓါတ်ပုံ)** အချို့မြစ်များမှာလည်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိလျက်ရှိသည်။

ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်နေသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံနယ်စပ်ဒေသများတွင် နေထိုင်သောဒေသခံများကို တီးစတာမြစ်ရေလျှံမှုဖြစ်ပွားနိုင်သဖြင့် အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။ **(အင်တာနက်)**